ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (13-3-2016) (၈၅၀၄)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဆောက်အအုံသစ် ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လေယာဉ်မှူးလောင်း မောင်မင်းထက်ဦး၊ ကင်းထောက်လူငယ် မောင်ရဲစွမ်းရည်နှင့် ထူးချွန်လူငယ် မသိမ့်အိချိုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခရီးသည်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၁၉၅၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ပြာသိုလဆန်း ၈ ရက် (၁၉၅၇ ခုနှစ် ဇန်နဝါရီ ၈ ရက်) တွင် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ထိုစဉ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အရှေ့တောင်အာရှတွင် Regional Hub အဖြစ် အသိအမှတ်ပြုခံခဲ့ရပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ် ကမ္ဘည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (ဝဲပုံ)နှင့် **လေဆိပ်ခရီးသည်အဆောက်အအုံသစ်ကို တွေ့ရစဉ်။**(အောက်ပုံ) (သတင်းစဉ်)







**ကြေးမုံစာတည်းရှုထောင့်** ၁၃-၃-၂၀၁၆၊ တနင်္ဂနွေနေ့

# သန့်ရှင်းသောပတ်ဝန်းကျင်ကောင်း

မိမိ၏နေထိုင်ရာနှင့် မိမိ၏ပတ်ဝန်းကျင် သန့်ရှင်းနေမည်ဆိုပါက မိသားစုကျန်းမာရေးအတွက် အန္တရာယ်ပေးမည့်အရာများ ဝင်ရောက်မလာနိုင်ပါ။ တိုးတက်သောနိုင်ငံများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားပြီး လူတန်းစားအလိုက် သန့်ရှင်းသောနေထိုင်မှုပုံစံအမျိုးမျိုး ရှိကြပါသည်။ ၎င်းတို့သည် အသုံးပြုသောပစ္စည်းများကို အကန့်အသတ်ဖြင့်ထားရှိကြပြီး မလိုအပ်လျှင် စွန့်ပစ်တတ်ကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ပတ်ဝန်းကျင်သည် အမြဲသန့်ရှင်းနေသည်ကို တွေ့ရတတ်ပါသည်။ ယုတ်စွအဆုံး ၎င်းတို့နေထိုင်ရာနေရာများအနက် အညစ်ညမ်းဆုံးနေရာဖြစ်သည့် ရေအိမ်နေရာကိုပင် နေအိမ်၏ အသန့်ရှင်းဆုံးနေရာသဖွယ်ဖြစ်အောင် သန့်ရှင်းထားတတ်ကြသည်။

မြန်မာတို့၏ လူမှုဘဝပုံစံမှာမူ ထိုသို့မဟုတ်ချေ။ ရှေးထုံးအယူအဆအားဖြင့် လူကြီးသူမများအနေဖြင့် နေအိမ်အတွင်းရှိပစ္စည်းအဟောင်းများကို အလွယ်တကူ စွန့်ပစ်တတ်သည့်အလေ့မရှိချေ။ များသောအားဖြင့် နေအိမ်အတွင်း ၌ ပစ္စည်းအဟောင်းများကို စွန့်မပစ်တတ်ဘဲ ပုလင်းခွံ၊ ဘူးခွံများမှအစ အိုးခွက်၊ အသုံးအဆောင်နှင့် အဝတ်အစားအဟောင်းများကိုပင် စွန့်မပစ်ဘဲ သိမ်းဆည်းတတ်ကြသည်။ ထိုအခါ ပတ်ဝန်းကျင်တွင် ရှုပ်ထွေးပြီး လေကောင်းလေသန့်မရသည့်အပြင် မှက်၊ ခြင်၊ ယင်၊ ကြွက် စသည့် ပိုးမွှားသတ္တဝါများ ခိုအောင်းနိုင်သည့် အခြေအနေများ များသောအားဖြင့် ရှိတတ်ကြသည်။

လက်ရှိကာလတွင် ပတ်ဝန်းကျင်ရှိလူအများကို အများဆုံးဒုက္ခအပေးနိုင်ဆုံး သတ္တဝါမှာ ခြင်၊ ယင်နှင့် ကြွက်များ ဖြစ်သည်။ ယင်ဟူသည်မှာ မိုးဦးကျကာလ အသီးအနှံအမှည့်များ ပေါများတတ်သည့် အချိန်၌ပေါက်ပွားတတ်ပြီး ကျန်အချိန်များတွင် နည်းပါးသည်။ ယင်နားစာနှင့် အညီအဟောက်များရှိပါက ယင်ရှိတတ်ပြီး ယင်နားစာများကို စားသုံးမိပါက ဝမ်းနှင့်ပတ်သက်သော ရောဂါများသာဖြစ်ပွားတတ်သည်။ ကြွက်များမှာလည်း ရောဂါပိုးတစ်မျိုးကိုဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိဘဲ ရှုပ်ထွေးနေပါက ကြွက်များခိုအောင်းပေါက်ပွားနိုင်သည်။

ကျန်ခြင်သတ္တဝါများမှာ မိမိနေအိမ်အတွင်းသာမက ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိဘဲ ခြင်ပေါက်ပွားနိုင်သောအရာများဖြစ်ပေါ်နေပါက အဆိုပါခြင်များမှာ ရာသီမရွေးပေါက်ပွားနိုင်သော သတ္တဝါများဖြစ်လာပြီး လူတို့ကိုအများဆုံးဒုက္ခပေးနိုင်သော အခြေအနေဖြစ်လာသည်။ ယခုအခါ ဇီကာပိုင်းရပ်စ်ပိုးဟူသော ရောဂါတစ်မျိုးကို ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားလာပြီး ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့ကာ လူတို့အား အန္တရာယ်ပေးသည့်အဆင့်သို့ရောက်လာကြောင်း ကြားသိနေရသဖြင့် အထူးဦးစားပေးတိုက်ဖျက်ကြရန် ဆောင်ရွက်နေပြီဖြစ်သည်။

ဇီကာပိုင်းရပ်စ်ကို အေဒီးစ်ခြင်ကျားမှတစ်ဆင့် သယ်ဆောင်လာသောကြောင့် ထိုခြင်ပေါက်ပွားနှုန်းမြင့်မားသောနိုင်ငံများ၌ အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ ခြင်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှပြည်သူအများစု အသိတွင် သွေးလွန်တုပ်ကွေး၊ အဝါရောင်အဖျား၊ မျောက်တုပ်ကွေး၊ ဆင်တုပ်ကွေး၊ ငှက်ဖျားစသည့် ခြင်မှဖြစ်သောရောဂါများကိုသာ သိရှိကြသည်။ ယခုခေတ်စားလာသော ဇီကာပိုင်းရပ်စ်ပိုးသယ်ဆောင်နိုင်သည့် ခြင်ကျားသည် မြန်မာနိုင်ငံတွင် အဖြစ်များသည့် အထက်ပါရောဂါများကိုသယ်ဆောင်နိုင်သော ခြင်အမျိုးအစားနှင့် အလားတူနိုင်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ဇီကာပိုင်းရပ်စ်ပိုးခြင်ကို အထူးသတိပြုရမည်ဖြစ်သည်။

အေဒီးစ်ခြင်ကျားသည် ရေသန့် ရေငြိမ်တွင် နေတတ်သည်။ ငှက်ဖျားခြင်နှင့် သဘာဝချင်းကွာခြားနိုင်သည်။ ရေငြိမ်ဆိုသည်မှာ စီးဆင်းမှုမရှိသော ကန်များ၊ နေအိမ်များတွင် သိုလှောင်ထားသည့်ရေများ၊ ရေများဝင်နေသည့်ခွက်များ၊ ရေမစီးသော ရေမြောင်း၊ ဘုရားစင်ရှိပန်းအိုးများတွင် ခိုအောင်းပေါက်ပွားနိုင်သည်။ ထို့ကြောင့် ခြင်ကျားကို သွေးလွန်တုပ်ကွေး ခြင်နှိမ်နင်းရေးကဲ့သို့ ဖုံး၊ သွန်၊ လဲ၊ စစ် နှိမ်နင်းရေးဖြင့် ကာကွယ်တားဆီးဆောင်ရွက်နိုင်သည်။ မိမိနေအိမ်များအတွင်း လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းအောင်လည်း ဆောင်ရွက်ထားသင့်သည်။

ခြင်များရောက်မလာအောင်၊ ရောက်လာလျှင်လည်း မပေါက်ပွားအောင်၊ မနေနိုင်အောင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် လောက်လမ်းသေစေနိုင်သည့် ဆေးခတ်ခြင်းလုပ်ငန်းများဖြင့် တိုက်ဖျက်နိုင်သည်။ မပေါက်ပွားအောင် လုပ်ဆောင်နိုင်သည်။ သို့မှသာ မိမိတို့၏နေအိမ်နှင့်ပတ်ဝန်းကျင်တွင် ခြင်ပေါက်ပွားမှုကင်းဝေးပြီး အများပြည်သူလူအများ ရောဂါဘယများ ကင်းဝေးနိုင်မည်ဖြစ်သည်။ ။

# မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းရေးဆွဲဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၁၂**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မြန်မာရုံးမှစီစဉ်ကျင်းပသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲဆောင်ရွက်မှုအတွက် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းသုံးသပ်လေ့လာမှု ဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီလကုန်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးတွင်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြောင်း JICA မြန်မာရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) လေ့လာရေးအဖွဲ့တို့သည် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်၍ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းနှင့် အနာဂတ်မျှော်မှန်းချက် လေ့လာပြင်ဆင်မှုများ စတင်ပြင်ဆင်ဆောင်ရွက်ရန် သဘောတူခဲ့ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် JICA တို့ဆွေးနွေးခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ တညီတညွတ်တည်း သဘောတူလျက် အနာဂတ်ရန်ကုန်အတွက် နှစ်ရှည်စီမံကိန်းတစ်ခု ရေးဆွဲအကောင်အထည်ဖော်သွားမည်ဟု သိရသည်။ အဆိုပါစီမံကိန်းမှာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (The Strategic Urban Development Plan of the Greater Yangon) ရေးဆွဲအကောင်အထည်ဖော်ရန် အကြိုမြေပြင်ကွင်းဆင်းလေ့လာမှုများ၊ အပြန်အလှန်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး ယင်းစီမံကိန်းသည် ၂၀၄၀ ပြည့်နှစ်တွင် မျှော်မှန်းထားသော လူဦးရေ ၁၀ သန်းကျော်အတွက် ပြီးပြည့်စုံသည့် ကာလရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည်ဟု သိရသည်။

အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ပြီး JICA မြန်မာရုံးမှ Chief Representative Mr.KeiichiroNakazawau က အဖွင့်အမှာစကားပြောကြားခဲ့ကာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုလွှမ်းခြုံရေးဆွဲထားသောစီမံချက်အပေါ် JICA လေ့လာရေးအဖွဲ့၏သုံးသပ်တင်ပြမှုကိုအကျဉ်းချုပ်ပြောကြားသွားခဲ့သည်။ ယင်းသို့ရှင်းလင်းပြောကြားခဲ့ရာတွင် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း၊ မြို့ပြသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ ရေပေးဝေမှုစီမံကိန်းတို့အပေါ် အကျဉ်းချုပ်ပြောကြားခဲ့ပြီး စီမံကိန်းတစ်ခုချင်းစီအပေါ် JICA မြန်မာရုံးမှ ရှင်းလင်းတင်ပြခဲ့သည်ဟု သိရသည်။

အဆိုပါစီမံကိန်းများ သုံးသပ်ဆွေးနွေးမှုများတွင်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး မေးခွန်းများကိုလည်း မေးမြန်းခဲ့ကြကြောင်း JICA ရုံးမှသိရသည်။ JICA အနေဖြင့်မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိရာ ကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အစိုးရသစ်နှင့်လည်း လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာလတို၊ ကာလလတ်၊ ကာလရှည်ဟူ၍အကောင်အထည်ဖော်သွားရမည်ဖြစ်ရာ စနစ်တကျဆောင်ရွက်သွားရမည့်စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**



# ရွှေမုဋ္ဌောဘုရားဆိပ်ကမ်း ကုန်းကမူထိန်းသိမ်းကာကွယ်ခြင်းနှင့် မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကလေးဝ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ရှိ ရွှေမုဋ္ဌောဘုရားဆိပ်ကမ်းကုန်းကမူ ထိန်းသိမ်းကာကွယ်ခြင်းနှင့် မြေသားလမ်းတိုးချဲ့ခြင်းတို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာ ရွှေမုဋ္ဌောဘုရားဆိပ်ကမ်း ကုန်းကမူ ထိန်းသိမ်းကာကွယ်ရန် သစ်မာ pile အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ၁၆၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကုန်တင်၊ ကုန်ချကားများသွားလာရာ မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်းတို့မှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်မြတ်ထံမှ သိရသည်။ **သက်ဟန်(ပြန်/ဆက်)**

# မန္တလေးမြို့တွင်း ယာဉ်ကြောကျပ်တည်းမှုလျော့နည်းစေရေး မော်တော်ယာဉ်လိုင်းများ ဒေါနဘွားယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်

**မန္တလေး မတ် ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အောင်မြေသာစံမြို့နယ် ဒေါနဘွားယာဉ်ရပ်နားစခန်းသို့ မြန်မာပြည်မြောက်ပိုင်းသို့ပြေးဆွဲသည့် မော်တော်ယာဉ်အသင်းများ ပြောင်းရွှေ့ဖွင့်လှစ်ပွဲကို မတ် ၁၁ ရက် နံနက် ၈ နာရီက အဆိုပါ ယာဉ်ရပ်နားစခန်းတွင် ကျင်းပခဲ့သည်။

မန္တလေး အောင်မြေသာစံမြို့နယ် (၂၂ )လမ်းရှိ သီရိမန္တလာယာဉ်ရပ်နားစခန်းသည် ၂ ဒသမ ၅ ဧကသာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်ဘက်သို့ ပြေးဆွဲသော ယာဉ်အသင်း ၁၃၈ သင်းနှင့် ယာဉ်စီးရေ ၈၆၈၀ ရှိသဖြင့် ယာဉ်ရပ်နားရန်နေရာ ကျပ်တည်းလာခြင်း၊ မြို့တွင်းယာဉ်ကြောရှုပ်ထွေးကျပ်တည်းလာသဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ညှိနှိုင်းပြီး ၄ ဒသမ ၃၈၃ ဧကကျယ်ဝန်းသော ဒေါနဘွား ကုန်တင်ယာဉ်ကားကွင်းတွင် ဂိတ်ခန်း ၁၀ ခန်း အသစ်တည်ဆောက်ကာ ပြောင်းရွှေ့မည့် ယာဉ်အသင်းများအား ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့်နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် အဝေးပြေးယာဉ်ရပ်နားစခန်း ငါးခုရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နေ့စဉ်ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်သော ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြန်မာပြည်မြောက်ပိုင်း ပြေးဆွဲမည့် ယာဉ်အသင်း ၄၅ သင်း၊ ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ် ၄၅၀ ခန့်ဖြင့် ခရီးသည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ၄၆ ဦးအား နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာ အစီရင်ခံ တင်ပြရေးလုပ်ငန်းအဖွဲ့ တို့၏အစီအမံဖြင့် တပ်မတော်အတွင်း အရွယ် မရောက်သေးသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်၍ နုတ်ထွက်ခွင့်ပြု လျက်ရှိရာ ၄၆ ဦး ထပ်မံစိစစ်တွေ့ရှိရ ပါသဖြင့် ၎င်းတို့၏မိဘများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့စစ်ကြောရေးနှင့် တည်းခို ရေးစခန်း၌ ပြုလုပ်သည်။**(ယာပုံ)**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်း ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်အင်အားဖြည့်တင်းရေးညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် တောက်ထွန်းနှင့် ကုလသမဂ္ဂကလေး များရန်ပုံငွေအဖွဲ့ ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Shalini Bahuguna တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်အကြား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ပြီး ကလေးများအား မိဘ (သို့မဟုတ်)အုပ်ထိန်းသူတို့ထံ လွှဲပြောင်း ပေးအပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံ ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့ အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်လည် နုတ်ထွက်ခွင့်ရသူ ၄၆ ဦးနှင့် ၎င်းတို့၏ မိဘများ၊ အုပ်ထိန်းသူများ တက်ရောက် ကြသည်။

အဆိုပါ နုတ်ထွက်ခွင့်ရသူများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့် လေ့လာရေးနှင့် အစီရင်ခံစာတင်ပြ ရေး လုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေး စခန်းသို့ တပ်မတော်မှပို့ဆောင်ပေးပြီး မိဘများနှင့် အဆက်အသွယ်မရရှိ သေးပါက ဆက်သွယ်ဆောင်ရွက် ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ မရှိ စစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်း ပြန်တက်ရန်ဆန္ဒရှိပါက ကျောင်း ပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာ သင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ်အကိုင် ရရှိရေးလိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန် ဖြစ်နိုင်ခြေများ ဆန်းစစ် ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံ ပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန်ခရီး စရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်အတွင်း အရွယ်မရောက်သေးသူများကို စိစစ် ဖော်ထုတ်၍ မိဘများထံ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ရာ ယခုအကြိမ် အပါအဝင် ၁၂ ကြိမ်ရှိခဲ့ပြီး စုစုပေါင်း ၇၄၄ ဦးကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ် ကြောင်း၊ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန် ရှိစေရန် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပြီး အရွယ်မရောက်သေးသူ များအား လုံးဝစုဆောင်းခြင်း မပြုရန် နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်း စုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနှစ် ဖေဖော်ဝါရီအထိ ၎င်းစုဆောင်းမှုတွင် တာဝန်ရှိသူအရာရှိ ၇၃ ဦးနှင့် စစ်သည် ၃၀၉ ဦး စုစုပေါင်း ၃၈၂ ဦးကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

❒ **ပထမဆုံးအကြိမ်မှ**

တိုးတက်လာသော နည်းပညာများနှင့်အညီ အခြေခံအဆောက်အအုံများ ကိုလည်း နည်းပညာသစ်များနှင့် ဆောက်လုပ်လျက်ရှိသည်။ ထိုကဲ့သို့ဆောက်လုပ် လျက်ရှိရာ ရန်ကုန်မြို့နေ ပြည်သူလူထုဓာတ်အားလိုအပ်ချက်အရ နိုင်ငံတကာ အဆင့်အတန်းမီ ၂၃၀/၆၆/၁၁ ကေဗွီ(၂×၁၂၅)အမ်ဗွီအေ ဒဂုံ(အရှေ့) ပင်ပဓာတ်အားခွဲရုံကို Gas- Insulated Switchgear (GIS) နည်းပညာဖြင့် မြန်မာပြည်တွင် ပထမဆုံးအကြိမ်တည်ဆောက်ခဲ့ရာ ယနေ့ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

တစ်နိုင်ငံလုံးမှ ထုတ်လုပ်သည့်ဓာတ်အားများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို သုံးစွဲလျက်ရှိသည့် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ လူဦးရေတိုးတက်လာ မှုကြောင့် နှစ်စဉ်ဓာတ်အား ပိုမိုလိုအပ်လာမည့် အခြေအနေကိုကာမိစေရန် စီမံကိန်းများကြိုတင်တွက်ချက်ခဲ့ရာ ၂၀၁၆ ခုနှစ် နွေရာသီတွင် မဂ္ဂါဝပ် ၄၀၀ ခန့် တိုးတက်သုံးစွဲမည်ဟု ခန့်မှန်းရရှိခဲ့သည့်အတွက် တိုးတက်သုံးစွဲလာသည့် ဓာတ်အားကိုလုံလောက်စွာသုံးစွဲနိုင်ရန်နှင့် ကောင်းမွန်စွာဖြန့်ဖြူးပေးနိုင်ရန် အတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်း ဓာတ်အားခွဲရုံများကို နှစ်အလိုက် တိုးချဲ့တည်ဆောက်ခဲ့ရာ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ ဓာတ်အားလိုင်း ၁၂ ဒသမ ၂၂ မိုင်နှင့် ၂၃၀/ ၆၆/၁၁ ကေဗွီ ၂ × ၁၂၅ အမ်ဗွီအေ Gas-Insulated Switchgear သုံး ဓာတ်အားခွဲရုံမှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။

၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံဓာတ်အားလိုင်းသည် မြန်မာနိုင်ငံတွင် Mono Pole (သံမဏိသံပိုက်လုံး)တိုင်များအသုံးပြု၍ တည်ဆောက်သော ပထမဆုံးဓာတ်အားလိုင်းဖြစ်သည်။ လူဦးရေနှင့် အဆောက်အအုံများထူထပ် များပြားသည့် ရန်ကုန်မြို့အတွင်း ၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ရန် မြေနေရာရရှိရန် အခက်အခဲများကြောင့် တာဝါတိုင်ဖောင်ဒေးရှင်းအတွက် မြေနေရာယူမှုနည်းပါးသော Mono Pole တာဝါများအား အသုံးပြု၍ တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း ယခင်ကတည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံများမှာ မြေနေရာ ရယူမှုများပြားပြီး ကုန်ကျစရိတ်ထက်ဝက်မျှ သက်သာသည့် Air Insulated Substation (AIS)ကို တည်ဆောက်ခဲ့သော်လည်း ရန်ကုန်မြို့၏ လူနေထူထပ်ခြင်း၊ မြေနေရာရရှိရန် ခဲယဉ်းခြင်း၊ ဓာတ်အားသုံးစွဲသူများပြား ခြင်းနှင့် များစွာသောစက်ရုံများ တည်ရှိနေမှုကြောင့် ပိုမိုအဆင့်မြင့် ကောင်းမွန် စိတ်ချရသော Gas-Insulated Switchgear Station (GIS)နည်းပညာဖြင့် တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

Gas Insulated Switchgear Station တည်ဆောက်မှုအား အပေါ်ယံ အနေအထားဖြင့် ကြည့်မည်ဆိုပါက လွန်စွာရှင်းလင်းနေသည်ကို တွေ့ရှိရမည် ဖြစ်ပြီး Air Insulated Substation (AIS)စနစ်ဖြင့် တည်ဆောက်ထားသည့် ဓာတ်အားခွဲရုံထက်လည်း ပိုမိုသေးငယ်နေသည်ကို တွေ့ရှိနိုင်မည်ဖြစ်သော်လည်း GIS နည်းပညာသုံးဓာတ်အားခွဲရုံအနေဖြင့် အားသာချက်၊ အကျိုးကျေးဇူးများကို ပိုမိုရရှိမည်ဖြစ်သည်။ အားသာချက်မှာ-

(က) ဖွဲ့စည်းပုံကျစ်လျစ်သဖြင့် မြေနေရာအခက်အခဲရှိသည့် မြို့တွင်း နေရာ၊ တောင်တန်းဒေသ၊ ပင်လယ်ကမ်းရိုးတန်းနှင့် မြေအောက် နေရာများတွင် တည်ဆောက်ရန် အထူးသင့်လျော်ကောင်းမွန်သည်။

(ခ) ဓာတ်အားလွှတ်ထားသောစက်ပစ္စည်းများကို Sulfur hexafluoride (SF6) ဓာတ်ငွေ့ဖြည့်ထားသည့် အလုံပိတ်ကိုယ်ထည်အတွင်း တပ်ဆင်ထားသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှု ဖြစ်နိုင်ခြေနည်းပြီး ဓာတ်အားပို့လွှတ်ရာတွင် သမားရိုးကျစနစ်ထက် ပို၍ စိတ်ချရမှုရှိသည်။

(ဂ) ဓာတ်အားခွဲရုံတွင် စက်ပစ္စည်းများကို နေ့စဉ် စစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ မောင်းနှင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရ သောဝန်ထမ်းများအတွက် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေ မည်ဖြစ်သည်။

(ဃ) ပစ္စည်းများသည် သာမန်(Air Insulated Substation-AIS) ခွဲရုံများထက် ပစ္စည်းများ ထုထည်ပမာဏသေးငယ်ကျစ်လျစ်သဖြင့် စက်ပစ္စည်းတပ်ဆင်ရာတွင် လွယ်ကူမြန်ဆန်စေမည်ဖြစ်သည်။

(င) ကြွေသီးအသုံးပြုမှုနည်းသဖြင့် ပိုမိုပြင်းထန်သောမြေငလျင် ဘေးဒဏ် ပိုမိုခံနိုင်ရည်ရှိသည်။

(စ) ခွဲရုံသုံးခလုတ် စက်ကိရိယာများကို စနစ်တကျ တွဲဆက်တပ်ဆင် ဒီဇိုင်းပြုလုပ်ထားသဖြင့် တပ်ဆင်သူများ၏ အားနည်းချို့ယွင်းချက် ကြောင့် အပြစ်ဖြစ်ပေါ်နိုင်ခြေနည်းပါးသည်။

(ဆ) ဓာတ်အားခွဲရုံအတွင်းတပ်ဆင်ရသော အစိတ်အပိုင်းများ၏ နည်းပညာမြင့်မားခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှု ပိုမိုနည်းပါး သည်။

(ဇ) (Air Insulated Substation-AIS)၏ Insulation မှာလေဖြစ်ပြီး Gas Insulated SwitchgearSubstation ၏ Insulationr Sm Sulfur hexafluoride (SF6)ဓာတ်ငွေ့ဖြစ်၍ လေထက် ငါးဆခန့် လေးလံသည့်အတွက် Insulation Media အနေဖြင့် ပိုမိုကောင်းမွန်မည် ဖြစ်သည်။

၂၃၀/၆၆/၁၁ ကေဗွီ ၂×၁၂၅ အမ်ဗွီအေ ဒဂုံ(အရှေ့) GIS ပင်မ ဓာတ်အားခွဲရုံ တည်ဆောက်ရာတွင် ပစ္စည်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၉၄ သန်းခန့်ရှိပြီး တည်ဆောက်ရေးစရိတ် ၁၁၂၅၆ ဒသမ ၆၉ သန်းရှိ၍ ကနဦးကုန်ကျစရိတ် အနည်းငယ်များသော်လည်း လုပ်ငန်းဆောင်ရွက် ရာ၌ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ် အလွန်နည်းပါးသည့်အတွက် ရေရှည်တွင် များစွာပိုမိုအကျိုးရှိမည်ဖြစ်သည်။

၂၃၀ ကေဗွီ ဒဂုံ(အရှေ့) ပင်မဓာတ်အားခွဲရုံကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာ ရေးနှစ်မှ စတင်၍ GIS နည်းပညာအတွေ့အကြုံမြင့်မားသည့် ကိုရီးယားနိုင်ငံ Hyundai Corporation နှင့် (၅)ကြိမ် တွေ့ဆုံဆွေးနွေး၍ ဒီဇိုင်းရေးဆွဲခြင်း၊ Technical Feasibility ဖြစ်နိုင်မှုဆောင်ရွက်ခြင်း၊ အတိုင်ပင်ခံအင်ဂျင်နီယာ အဖွဲ့ဖြစ်သည့် Colenco အင်ဂျင်နီယာများထံမှ အကြံဉာဏ်ရယူခြင်းများ ပြုလုပ်ခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၃၀ ကေဗွီ GIS ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ခဲ့သည့် အတွေ့အကြုံမရှိသေးသော် လည်း၊ အတွေ့အကြုံမြင့်မားသည့်အဖွဲ့ထံမှ နည်းပညာလွှဲပြောင်းရယူပြီး နိုင်ငံတကာအဆင့်အတန်းမီစွာ ၂၃၀ ကေဗွီ ဒဂုံ(အရှေ့) ပင်မဓာတ်အားခွဲရုံအား Gas-Insulated Switchgear နည်းပညာဖြင့် တည်ဆောက်ခဲ့ပြီး အဆိုပါ ဓာတ်အားခွဲရုံမှ နိုင်ငံတော်ဓာတ်အားစနစ် တည်ငြိမ်ရေးနှင့် ရန်ကုန်မြို့နေ ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်၊ သုံးစွဲဓာတ်အား တည်ငြိမ်ကောင်းမွန် ရေးအတွက် တည်ဆောက်ပို့လွှတ်လျက်ရှိသည်။

ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဓာတ်အားလိုင်းမိုင်ပေါင်း ၇၀ ဆောင်ရွက် ထားရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုင်ပေါင်း ၁၁၇ ဒသမ ၁၁ မိုင်နှင့် ဓာတ်အားခွဲရုံများကိုလည်း တိုးတက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ် တွင် ဓာတ်အားခွဲရုံပမာဏ ၉၄၀ မဂ္ဂါဗို့အမ်ပီယာ(MVA)ရှိခဲ့ရာမှ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် ဓာတ်အားခွဲရုံပမာဏ ၂၁၉၀ မဂ္ဂါဗို့အမ်ပီယာ(MVA) ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၁၀- ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော်ခန့် တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ဘန်ကီမွန်းနှင့် လိင်ကျေးကျွန်တောင်ကိုရီးယားအမျိုးသမီးတစ်ဦးတို့ ပထမဆုံးအကြိမ်တွေ့ဆုံ

**ကုလသမဂ္ဂ မတ် ၁၂**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒုတိယကမ္ဘာစစ်အတွင်း လိင်ကျေးကျွန်များအဖြစ် အသုံးပြုခြင်းခံခဲ့ရသော တောင်ကိုရီးယားအမျိုးသမီးတစ်ဦးအား ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်ကိုရီးယား လိင်ကျေးကျွန်အမျိုးသမီးကြီးတစ်ဦးနှင့် လိင်ကျေးကျွန်အမျိုးသမီးများအား ကူညီထောက်ပံ့ပေးသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့အား နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ မတ် ၁၁ ရက်တွင် တွေ့ဆုံခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာလက အဆိုပါလိင်ကျေးကျွန်အမျိုးသမီးများအား နစ်နာကြေးပေးရန် ဂျပန်နှင့်တောင်ကိုရီးယားအစိုးရတို့ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။

နှစ်နိုင်ငံအကြား နစ်နာကြေးပေးရန် သဘောတူညီထားရှိမှုကို ဘန်ကီမွန်းက ဝမ်းသာကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းနှင့်ပတ်သက်ပြီး တောင်ကိုရီးယား လိင်ကျေးကျွန်အမျိုးသမီးများနှင့် လိင်ကျေးကျွန် အမျိုးသမီးများအား ကူညီထောက်ပံ့ပေးသည့်အဖွဲ့တို့က ဘန်ကီမွန်းအား ပြစ်တင်ဝေဖန်ခဲ့သည်။ ထို့ကြောင့် မတ် ၁၁ ရက်တွင် ဘန်ကီမွန်းက လိင်ကျေးကျွန် အမျိုးသမီးကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် တောင်ကိုရီးယားလိင်ကျေးကျွန်အမျိုးသမီးများအတွက် ဂျပန်နိုင်ငံ၏နစ်နာကြေးပေးမှုကို နှလုံးသားနှင့်ခံစားပြီးလက်ခံရန် အလွန်ခက်ခဲမည်ဖြစ်ကြောင်းကို အပြည့်အဝနားလည်ပါကြောင်း ဘန်က ယင်းအမျိုးသမီးကြီးအား ပြောကြားခဲ့သည်။



သို့သော် လိင်ကျေးကျွန်ပြုခံ အမျိုးသမီးများ၏ထိခိုက်နစ်နာမှုကို မည်သို့မျှ ပြန်လည်ကုစားနိုင်ခြင်းမရှိသော်လည်း သမ္မတပတ်ဂွန်ဟေးနှင့် တောင်ကိုရီးယားအစိုးရအဖွဲ့၏ ကြိုးစားအားထုတ်မှုသည် အဆိုပါအမျိုးသမီးများအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်ထွန်းစေနိုင်သည့်အတွက် နှစ်နိုင်ငံသဘောတူညီမှုကို လက်ခံသဘောကျမိပါကြောင်း ဘန်ကီမွန်းက ဆက်လက်ပြောသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကိစ္စရပ်များဆိုင်ရာ တာဝန်ရှိသူတစ်ဦးလည်း တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အနေဖြင့် ယင်းအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဘန်ကီမွန်းကဆိုသည်။

တောင်ကိုရီးယားပြည်သူအချို့က ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံသဘောတူညီမှုသည် အဆိုပါအမျိုးသမီးများအတွက် လုံလောက်မှုမရှိကြောင်းနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် လိင်ကျေးကျွန် တောင်ကိုရီးယား အမျိုးသမီးကြီးတစ်ဦးတို့ တွေ့ဆုံပွဲရလဒ်သည် မည်သို့အကျိုးဖြစ်ထွန်းမည်လဲဆိုသည်ကို စိတ်ဝင်စားလျက်ရှိကြသည်။ **အင်န်အိတ်ချ်ကေ။**

## ဂျပန်ယဉ်ကျေးမှုစင်တာများ လော့စ်အိန်ဂျလိစ်၊ လန်ဒန်နှင့် ဆော်ပေါ်လိုမြို့တို့တွင် ဖွင့်လှစ်မည်

**တိုကျို မတ် ၁၂**

ဂျပန်အစိုးရအဖွဲ့က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၊ လန်ဒန်မြို့နှင့် ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တို့တွင် ဂျပန်ယဉ်ကျေးမှုစင်တာများကို လာမည့်နှစ်အတွင်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

လော့စ်အိန်ဂျလိစ်မြို့၌ မတ် ၁၀ ရက်ကကျင်းပသည့် အစည်းဝေးပွဲတွင် လော့စ်အိန်ဂျလိစ်မြို့ဆိုင်ရာ ဂျပန်ကောင်စစ်ဝန်ချုပ် ဟီဒီဟိုင်ဆာ ဟိုရင်နော်ချီက အဆိုပါစီမံကိန်းနှင့်ပတ်သက်ပြီး တက်ရောက်လာသူများအား ရှင်းပြခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ ဒေသခံများအနေဖြင့် ယင်းစင်တာများတွင် ဂျပန်လူမျိုးများ၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များကို စူးစမ်းလေ့လာနိုင်မည်ဖြစ်သည်။

ယင်းစင်တာကို လော့စ်အိန်ဂျလိစ်မြို့ ဟောလီးဝုဒ်တွင် တည်ဆောက်မည်ဖြစ်ပြီး နှစ်ထပ်အဆောက်အအုံပုံစံတစ်ခုဖြစ်သည်။ အဆိုပါစင်တာတွင် ဂျပန်စားသောက်ဆိုင်တစ်ခု၊ ဂျပန်နိုင်ငံမှထုတ်ကုန်များ ရောင်းချမှုအပြင် ကပွဲရုံတစ်ခု ပါဝင်မည်ဖြစ်သည်။

ယင်းစင်တာများ ဖွင့်လှစ်ရခြင်းမှာ ဂျပန်ယဉ်ကျေးမှုနှင့် နည်းပညာရပ်များ ပိုမိုထွန်းကားလာစေရန်ဖြစ်ပြီး အမေရိကန်ပြည်သူများကြားတွင် ဂျပန်အစားအစာ၊ အနုပညာနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို ရင်းနှီးမှုရစေရန်ရည်ရွယ်သည်။

လော့စ်အိန်ဂျလိစ်မြို့တွင်ထားရှိမည့် ဂျပန်ယဉ်ကျေးမှုစင်တာကို ၂၀၁၇ ခုနှစ် နွေရာသီတွင် စတင်ဖွင့်လှစ်ရန်ရည်ရွယ်ထားသည်။ **အင်န်အိတ်ချ်ကေ။**

## အိန္ဒိယလက်ထပ်ပွဲတစ်ခုအား ထရပ်ကားဝင်တိုက်၊ လူ ၁၁ ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

**နယူးဒေလီ မတ် ၁၂**

အိန္ဒိယနိုင်ငံမြောက်ဘက် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် လက်ထပ်မင်္ဂလာပွဲတစ်ခုကျင်းပနေစဉ် အရှိန်ဖြင့်မောင်းနှင်လာသော ထရပ်ကားတစ်စီးက အမှတ်မထင်ဝင်ရောက်တိုက်မိခဲ့ရာ လူ ၁၁ ဦးထက်မနည်းသေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါထရပ်ကားသည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏မြို့တော် လာ့ခ်နောမှ အနောက်ဘက် ၃၅၈ ကီလိုမီတာခန့်အကွာ ဖာရိုဇာဘတ်ခရိုင်တွင်ကျင်းပနေသည့် လက်ထပ်ပွဲကို အရှိန်ဖြင့်ဝင်တိုက်ခဲ့ပြီးနောက် တေးဂီတတီးမှုတ်သူများနှင့် ပွဲကြည့်ပရိသတ်များအပါအဝင် လက်ထပ်ပွဲသို့တက်ရောက်ကြသူများ သေဆုံးခဲ့ရသည်။

"မတ် ၁၁ ရက်ညပိုင်းက ဖာရိုဇာဘတ်ခရိုင်မှာပြုလုပ်တဲ့ လက်ထပ်ပွဲတစ်ခုကို ထရပ်ကားတစ်စီးက ဝင်တိုက်ခဲ့တာ လူ ၁၁ ဦးသေဆုံးတယ်။ ကိုးဦးဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီသေဆုံးသူတွေထဲက ရှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာမှာ ပွဲချင်းပြီးသေဆုံးခဲ့တယ်။ ကျန် သုံးဦးကတော့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ဆေးရုံမှာသေဆုံးခဲ့ပါတယ်" ဟု ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ လက်ထပ်ပွဲတက်ရောက်သူများသည် တေးဂီတတီးမှုတ်သူများနှင့်အတူ စီတန်းသွားနေကြစဉ် ထရပ်ကားတစ်စီးက ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ မတော်တဆမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းမှာ ထရပ်ကား၏ ဘရိတ်မကောင်းမှုကြောင့်ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ဆေးရုံသို့ပို့ဆောင်ခဲ့သည့် အဆိုပါဒဏ်ရာရရှိသူများအနက် ငါးဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ဝန်ချိန်လွန်ကဲမှု၊ ကားလမ်းအခြေအနေဆိုးရွားမှုနှင့် ယာဉ်မောင်းများ၏ပေါ့ဆမှုတို့ကြောင့် ယာဉ်မတော်တဆဖြစ်မှုများမကြာခဏကြုံတွေ့လျက်ရှိသည်။ ၂၀၁၅ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သည့် ကမ္ဘာ့လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံတွင် မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် နှစ်စဉ် လူ ၂၀၀၀၀၀ ကျော် အသက်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ။**

## အိန္ဒိယနိုင်ငံ ဂူဂျရတ်ပြည်နယ်ရှိ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၌ ဓာတ်ပေါင်းဖိုယိုစိမ့်မှုဖြစ်ပွား၍ ပိတ်ထားရ

**နယူးဒေလီ မတ် ၁၂**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျရတ်ပြည်နယ်တွင် မတ် ၁၁ ရက်က အဏုမြူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်ပေါင်းဖိုတစ်လုံးတွင် ရေလေးများယိုစိမ့်မှုဖြစ်ပွားပြီးနောက် ပြည်နယ်အာဏာပိုင်များက အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ စက်ရုံအားပိတ်ထားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါစက်ရုံသည် ပြည်နယ်မြို့တော် ဂန္ဒီနာဂါး၏တောင်ဘက် ၂၈၃ ကီလိုမီတာအကွာရှိ ဆူရက်မြို့မှ ကကာရာပါ အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ စက်ရုံရှိဝန်ထမ်းများမှာ ယင်းဖြစ်ရပ်ကြောင့် ဘေးအန္တရာယ်သင့်ရောက်ခြင်းမရှိဘဲ လုံခြုံစိတ်ချစွာရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ၏ အဏုမြူဓာတ်ပေါင်းဖိုတစ်ခုတွင် အပူသယ်ပို့ပေးသောစနစ်၌ ယိုစိမ့်မှုအသေးစားဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါဓာတ်ပေါင်းဖိုအား အလိုအလျောက်စနစ်က ချက်ချင်းပိတ်ပစ်လိုက်ကြောင်း ဂူဂျရတ်ပြည်နယ် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းမှ အထက်တန်းအရာရှိ လာလစ်ကူမာဂျိန်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စက်ရုံအတွင်းရှိ လုပ်သားများနှင့်စက်ရုံပြင်ပတွင် စမ်းသပ်ကာကွယ်မှုများပြုလုပ်ခဲ့ရာ အဏုမြူဓာတ်သတ္တိကြွမှုမရှိသည့်အတွက် ၎င်းတို့အား နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အထိတ်တလန့်ဖြစ်ခြင်းလုံးဝမရှိဘဲ အခြေအနေကိုထိန်းချုပ်ထားနိုင်ကြောင်း ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူ ဂျာဂျင်ဒရာကူးမားက ဆူရတ်မြို့မှ သတင်းမီဒီယာများအား ပြောကြားသည်။ အဆိုပါစက်ရုံတွင် လျှပ်စစ်ဓာတ်အား မီဂါဝပ် ၄၄၀ ထုတ်လုပ်နိုင်သော ဓာတ်ပေါင်းဖိုနှစ်လုံးရှိသည်။ **ဆင်ဟွာ။**



## ဆော်ပေါ်လိုမြို့တွင် မိုးသည်းထန် ရေလွှမ်းမြေပြိုမှုများကြောင့် ၁၅ ဦးထက်မနည်းသေဆုံး

**ဆော်ပေါ်လို မတ် ၁၂**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် မတ် ၁၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများကြောင့် မြေပြိုမှုများဖြစ်ပွားကာ လူ ၁၅ ဦးထက်မနည်းသေဆုံးကြောင်း ဆော်ပေါ်လိုမြို့ မီးသတ်ဌာနက မတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မာရီပိုရာမြို့တွင် မြေပြိုမှုတစ်ခုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ခုနစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ မြို့တော်၏ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းပါဝင်သော ဖရန်စစ္စကို မိုရာတိုအရပ်တွင် သီးခြားစီဖြစ်သော မြေပြိုမှုနှစ်ခု၌ လူကိုးဦးသေဆုံးခဲ့ပြီး မြေပြိုမှုမှာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဒေသအတွင်းရှိ အခြားနေရာနှစ်ခုတို့တွင်လည်း လူနှစ်ဦးမြေပြိုမှုကြောင့် သေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

မတ် ၁၀ ရက် ညက လေပြင်းတိုက်ခတ်မှုကြောင့် ဆော်ပေါ်လိုမြို့ရှိ ဂွာရူဟို့စ်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ခြောက်နာရီကြာပိတ်ထားခဲ့ရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုက်တီးနှင့်ပင်ဟီရိုးမြစ်ရေများ ကမ်းပေါ်လျှံတက်ပြီး မြို့တော်ရှိ ရထားဘူတာရုံများကိုလည်း ပိတ်ထားရကြောင်း၊ ဆော်ပေါ်လိုပြည်နယ်တွင်းရှိ မြို့ပေါင်း၂၀ ထက်မနည်းမှာလည်း လေပြင်းဒဏ်ခံခဲ့ရကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ဆော်ပေါ်လိုမြို့သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လစဉ်တစ်လချင်းအလိုက် မိုးရေချိန်၏ ၄၀ ရာခိုင်နှုန်းကို တစ်ရက်တည်းဖြင့် ရရှိခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအရေးပေါ်စီမံရေးဌာနက မတ် ၁၁ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ။**

# သာစည်မြို့နယ်အတွင်းတွင် ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားသည့်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး



**သာစည်　　မတ်　　၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ပြွန်ကန်၊ အောင်မြင်သာ၊ ဘုရားလေးကုန်း၊ အင်းကုန်း၊ သမန်းကန်ကျေးရွာတို့တွင် နေ့အပူချိန်မြင့်တက်မှုတို့ကြောင့် မတ် ၅ ရက်မှစ၍ ကလေးငယ် ၁၀ ဦး ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာသို့ မတ် ၁၂ ရက် နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမျိုးသန့်နိုင်၊ မိတ္ထီလာခရိုင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်၊ အထူးရောဂါနှိမ်နင်းရေးအဖွဲ့ လက်ထောက်ဆရာဝန် ဒေါက်တာငြိမ်းငြိမ်းချစ်၊ တိုင်းဒေသကြီးကျန်းမာရေးမှူး ဒေါ်သင်းသင်းထွေး၊ သာစည်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် အဆိုပါဦးနှောက်အမြှေးပါးရောင်ရောဂါ ဖြစ်ပွားရာကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးကျန်းမာရေးအဖွဲ့သည် အဆိုပါကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျန်းမာရေးနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပညာပေးရှင်းလင်းခြင်း၊ ကျေးရွာအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးများ ပြုလုပ်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်နေထိုင်ကြရန် ဟောပြောခြင်းများ ပြုလုပ်ပြီးနောက် ကျန်းမာရေးလက်ကမ်းစာစောင်များကို ကျေးရွာလူထုသို့ ဖြန့်ဝေပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့နှင့် တိုင်းဒေသကြီး ကျန်းမာရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ရောဂါဖြစ်ပွားခဲ့သည့် ကလေးငယ်များ နေထိုင်ရာအိမ်များသို့ သွားရောက်ကြပြီး မိဘဆွေမျိုးများနှင့်တွေ့ဆုံကာ အားပေးနှစ်သိမ့်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မောင်ကို(သာစည်)**

# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ စိတ်ကြိုက်(မြန်မာစာ)ဘာသာရပ်ဖြေဆို

**ရန်ကုန်　　မတ်　　၁၂**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ယနေ့တွင် စိတ်ကြိုက်မြန်မာစာဘာသာကို အတွဲ(၃) ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်(မြန်မာစာ)၊ အတွဲ(၄) သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၆) ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ်ကြိုက် (မြန်မာစာ) ယူသည့်ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုကြသည်။

စိတ်ကြိုက်(မြန်မာစာ)ဘာသာကို မြန်မာတစ်ပြည်လုံးတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထက(၂၂) နေပြည်တော်စာစစ်ဌာနတွင် တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အထက(၂)စမ်းချောင်းစာစစ်ဌာနတွင် တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး အထက(၂)တပ်နယ် ကော့သောင်းစာစစ်ဌာနတွင် တစ်ဦး စုစုပေါင်း စာဖြေသူ သုံးဦးသည် သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်(မြန်မာစာ) အတွဲ(၄) ဖြင့် ဖြေဆိုရန် စာရင်းသွင်းထားပြီး စာဖြေသူအားလုံး စိတ်ကြိုက်(မြန်မာစာ) ဘာသာကို ဖြေဆိုကြကြောင်း သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်း

**နောင်ချို　　မတ်　　၁၂**

နောင်ချိုမြို့နယ် စာဖြေဌာနသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီးတို့မှ တက္ကသိုလ်ဝင်စာမေးပွဲသို့ လာရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား သောက်သုံးရေ မပြတ်လပ်စေရေး၊ ဖူလုံစွာသုံးစွဲစေရေးအတွက် မတ် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်စေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးနေဦးသာ၊ ဦးမြတ်မိုးအောင်နှင့် အသင်းသားများက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးကြကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

# ဖူဆယ်လိဂ်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန်　　မတ်　　၁၂**

၂၀၁၆ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ပထမနေ့ပွဲစဉ်များတွင် UPT အသင်းက ယူ-၁၉ အသင်းကို သုံးဂိုး-ဂိုးမရှိ၊ လက်ရှိချန်ပီယံ MIC အသင်းက PU အသင်းကို သုံးဂိုး-နှစ်ဂိုး၊ VUC အသင်းက Winner အသင်းကို လေးဂိုး-သုံးဂိုး၊ YZ အသင်းက ရန်ကုန်စီးတီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ချန်ပီယံဆုရရှိသည့်အသင်းမှာ ဇူလိုင်လတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဒုတိယနေ့ ပွဲစဉ်များကို မတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# ကျေးလက်နေပြည်သူများအား ရေအခက်အခဲမရှိစေရေး စက်ရေတွင်းလှူဒါန်း

**နတ်တလင်း　　မတ်　　၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် စမ်းချောင်းကျေးရွာအုပ်စု မင်းဘူးကျွန်း အောက်စုရွာတွင် မတ် ၁၁ ရက်က နွေရာသီ၌ ဒေသခံရွာသူ ရွာသားများ သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြိုင်၊ အထောက်အကူပြုအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် ဇီးကုန်းမြို့မှ ဈေးသူဈေးသားများက စုပေါင်းပြီး အနက် ပေ ၂၁၀ ရှိ တစ်လက်မခွဲစက်ရေတွင်းလှူဒါန်းပေးရာ ဒေသနေဦးရေခဲက ကျေးဇူးတင်စကားပြောကြားကာ သောက်သုံးရေစတင်သုံးစွဲနေကြောင်းသိရသည်။

**(ဝ၇၁)**

# မီးလောင်မှုဖြစ်ပွားရာမှ လေဖြတ်ထားသည့်အိမ်ရှင်အမျိုးသားတစ်ဦး မီးလောင်သေဆုံး

**ဘားအံ　　မတ်　　၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ဓမ္မပါလရပ်ကွက် ဂဝံမြေနီကုန်းအနီး ဂဏန်းစမ်းချောင်းဘေးတွင် တဲအိမ်တစ်လုံး မတ် ၁၁ ရက် နံနက် ၇ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ တဲအိမ်တွင်ရှိနေသော လေဖြတ်ထားသည့် အမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မတ် ၁၁ ရက် နံနက် ၇ နာရီခန့်တွင် လှာကာကျေးရွာအုပ်စု ဓမ္မပါလရပ်ကွက် ဂဝံမြေနီကုန်းအနီး ဂဏန်းစမ်းချောင်းဘေးတွင် တဲအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ရာ တဲအိမ်တွင်ရှိနေသည့် ဝင်းမြင့်(၃၇)နှစ် (အောက်ပိုင်းလေဖြတ်ထားသူ)မှာ မီးလောင်သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါတဲအိမ်တွင် သေဆုံးသူဝင်းမြင့်အပါအဝင် ၎င်း၏အစ်မဖြစ်သူ ဒေါ်မြင့်ငွေ၊ တူမဖြစ်သူ မဂျူးဂျူး(၁)နှစ်အရွယ်တို့နှင့်အတူနေထိုင်ခဲ့ကြပြီး အခင်းဖြစ်ပွားချိန်တွင် အစ်မဖြစ်သူသည် ကလေးငယ်နှင့်အတူ ရွာဘက်သွားစဉ် ဝင်းမြင့်မှာ နေအိမ်၌တစ်ဦးတည်းကျန်ခဲ့ကြောင်း သိရသည်။

မီးလောင်သေဆုံးသူဝင်းမြင့်မှာ အောက်ပိုင်းလေဖြတ်ထားသဖြင့် အားအင်ချိနဲ့နေသူဖြစ်ကာ အရက်လည်းအလွန်အကျွံသောက်သူဖြစ်ပြီး အရက်သောက်ရာတွင် အရက်အဆီကိုသာ သောက်သူဖြစ်ကြောင်း၊ ဆေးလိပ်သောက်သူလည်းဖြစ်၍ ဆေးလိပ်သောက်ရာက အရက်ဆီပုလင်းမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းကာ သေဆုံးခြင်းဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင်နေထိုင်သူများ ပြောကြားချက်အရသိရသည်။

သေဆုံးသူ၏အစ်မဖြစ်သူပြောကြားချက်အရ အခင်းဖြစ်နေ့က မောင်ဖြစ်သူအား အရက်အဆီတစ်လုံးဝယ်ပေးထားခဲ့ပြီး ၎င်းမှာ တူမဖြစ်သူနှင့် လှာကာကျေးရွာအုပ်စု ရန်အောင်မြေရပ်ကွက်သို့သွားရောက်ခဲ့ကြောင်း၊ နံနက် ၈ နာရီခန့်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိလာစဉ် နေအိမ်မီးလောင်ထားသည်ကိုတွေ့ရှိရသဖြင့် ရန်အောင်မြေရပ်ကွက်သို့ပြန်လာပြီး အသိဖြစ်သူဖိုးခွားအား အကူအညီတောင်း၍ မောင်ဖြစ်သူအားလိုက်လံရှာဖွေခဲ့ရာ မီးလောင်ထားသည့် ဝင်းမြင့်အလောင်းကိုတွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းမြင့်မီးလောင်သေဆုံးခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်စုံစမ်းစစ်ဆေးနိုင်ရန်အတွက် မြိုင်ကလေးရဲကင်းစခန်းမှူးရဲအုပ်ဝင်းနိုင်က ဘားအံမြို့မရဲစခန်းတွင် သေမှုသေခင်း အမှတ် (၄/၂၀၁၆)ဖြင့် အမှုဖွင့်လှစ်ထားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသက်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ရှင်းလင်းပြီးစီးကြောင်း

**လားရှိုး　　မတ်　　၁၂**

ဖေဖော်ဝါရီ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမျက်နှာ (၁၂) တွင်ပါရှိသော မြန်မာ့အလင်း စာတည်းထံပေးစာကဏ္ဍပါ “အညစ်အကြေးအနံ့ဆိုးများကင်းစေချင်”ကိစ္စနှင့်ပတ်သက်၍ ငါးလုပ်ငန်းလုပ်ကိုင်နေရာမှ ထွက်ရှိလာသော အညစ်အကြေးအနံ့အဆိုးများ ပတ်ဝန်းကျင်ရှိဒေသခံမိဘပြည်သူများ၏ ကျန်းမာရေးထိခိုက်နိုင်မှုမရှိစေရေး လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

# ရွှေလင်ပန်းစက်မှုဇုန်ရှိ စက်ရုံပိုင် ရေလှောင်ကန်ပွင့်ထွက် အနီးရှိဆိုင်ပေါ်သို့ အုတ်ချပ်ပိပြီး လူနှစ်ဦးသေဆုံး

**ရန်ကုန်　　မတ်　　၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအပိုင် ရွှေလင်ပန်းစက်မှုဇုန်အတွင်း၌ဖွင့်လှစ်ထားသည့် ကြံကျဲဒိုးထုံးလိကာကလိုတင်း အထည်ချုပ်စက်ရုံပိုင် ရေသိုလှောင်ကန်ပွင့်ထွက်သွားရာက အနီးရှိထမင်းဆိုင်မှ မိသားစုဝင်တချို့ ပြင်းထန်ဒဏ်ရာများရရှိသေဆုံးသည့်ဖြစ်စဉ်တစ်ခု မတ် ၁၀ ရက် ညနေက ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်သည် ကြံကျဲဒိုးထုံးလိကာကလိုတင်း အထည်ချုပ်စက်ရုံအတွင်း တည်ဆောက်ထားသော အလျား ပေ ၃၀ အနံပေ ၂၀ အကျယ်ရှိ အုတ်ဖြင့်ပြုလုပ်ထားသည့် ရေသိုလှောင်ကန်ကြီးအတွင်းသို့ ရေစက်မောင်းတာဝန်ခံ လင်းလင်းဇော်(၁၉)နှစ်သည် ရေမောင်းတင်နေစဉ် ဆရာရှမ်းလမ်းဘက်အခြမ်းရှိ ပေ ၂၀၊ ပေ ၃၀ အမြင့်ခန့်ရှိ အုတ်နံရံအချပ်ကြီးသည် ရေထိန်းနိုင်မှုမရှိဘဲ မတ် ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ပြိုကျသွားခဲ့ရာမှ ၎င်းခြံစည်းရိုးနှင့်ကပ်လျက် ကျူးကျော်ဆောက်လုပ်ထားသည့် ထမင်းဆိုင်အပေါ်သို့ အုတ်အချပ်ကြီးပိနေခဲ့သည်။ ထိုဖြစ်ရပ်နှင့်ဆက်စပ်၍ လှိုင်သာယာမြို့နယ်မှ တာဝန်ရှိသူစုစုပေါင်း ၁၀၀ ခန့်တို့က ကူညီကယ်ဆယ်ရေးအတွက်ရောက်ရှိလာသည့် အင်းစိန်မြို့နယ် ရွှေလင်ပန်းကျေးရွာနှင့် လှိုင်သာယာမြို့နယ်မှ မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များဖြင့် ကူညီကယ်ဆယ်မှုပြုလုပ်ခဲ့သည်။ အခင်းဖြစ်စဉ်ကြောင့် ထမင်းဆိုင်ပိုင်ရှင် ကိုဇာနည်မောင်(၃၅)နှစ်၊ ကိုဖိုးလပြည့်(၃၀)နှစ်တို့ ပြင်းထန်ဒဏ်ရာများဖြင့်သေဆုံးသွားခဲ့ရပြီး ကိုဇာနည်မောင်(သေဆုံး)၏ သားမောင်ကျော်ဇင်လင်း(၄)နှစ်၊ ကိုမင်းဇော်ဦး(၂၇)နှစ် စက်ရုံလုပ်သားတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)တို့ရရှိသွားခဲ့ကြသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**



# လျှာကင်ဆာ

မော်(နေပြည်တော်)

မကြီးရေ- သမီးသူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေတယ်လို့ကြားတယ်။ အဲဒါသွားမေးမလို့။ ဟဲ့ ဘာရောဂါဖြစ်တာတဲ့တုန်း။ "အစာအိမ်ကင်ဆာ" လို့ပြောတာပဲ။ "ဘုရား ဘုရား" ကျွန်မရင်ထဲ ဒိတ်ကနဲ ကိုဖြစ်သွားတာပဲ။ သမီးထွက်သွားပြီးနောက် ကျွန်မရဲ့ ခေါင်းထဲမှာ ပူပူနွေးနွေး လွန်ခဲ့တဲ့နှစ်လလောက်ကမှ "ကင်ဆာ"ရောဂါနဲ့ နေပြည်တော်ခုတင်(၁၀၀၀) (ကင်ဆာဌာန) ဆေးရုံမှာ ခြောက်လကြာ တက်ရောက်ကုသပြီး ကွယ်လွန်သွားရှာတဲ့ ကျွန်မရဲ့ခင်ပွန်း၊ သမီးနဲ့သားရဲ့အဖေအကြောင်း ခေါင်းထဲမှာ အစီအရီပေါ်လာပါတော့တယ်။

ကျွန်မတို့ ၂၀၀၇ ခုနှစ် ချင်းပြည်နယ် ဖလမ်းမြို့လေးမှာ တာဝန်ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်နဲ့ ပင်စင်ယူပြီး ဇာတိမြို့ဖြစ်တဲ့ ပျဉ်းမနားမြို့ကိုပြောင်းလာကြတယ်။ ပြောင်းလာပြီး လေးလနေတော့ သူလေဖြတ်သွားပါလေရော။ အဲဒီအချိန်က သူ့ရဲ့ဖခင် ရန်ကုန်မြို့မှာဆုံးလို့အသွား သူ့အဖေမြေချပြီး နောက်နေ့မှာပဲ သူလေဖြတ်သွားခဲ့တာပါ။ ရန်ကုန်မှာဖြစ်တာဆိုတော့ ချက်ချင်းဆေးရုံကို သွားလိုက်နိုင်တော့ S.S.C မှာ တစ်လခွဲလောက်နဲ့ သက်သာလာလို့ ပျဉ်းမနားကို ပြန်လာနိုင်ခဲ့တယ်။ လေဖြတ်တာအိပ်ရာထဲမှာတော့ မလဲဘဲ သွားနိုင်၊ စားနိုင်တဲ့အခြေအနေလေးဖြစ်လာလို့ ဝမ်းသာကြရတာပေါ့။

ဒါနဲ့လေဖြတ်ပြီး နှစ်နှစ်လောက်နေတော့ လျှာနာတယ်ပြောပြောနေတာ ပျောက်လိုက်၊ ပြန်နာလိုက်နဲ့ အပူကြောင့်ပဲနေမှာ၊ ဝမ်းချုပ်လို့ပဲထင်ပြီး ဝမ်းပျော့ဆေးစားမယ်။ သင်္ဘောသီးမှည့်စားမယ်။ မန်ကျည်းဖျော်ရည်လေးလုပ်ပေးတယ်။ ဝမ်းလည်းမှန်လာပေမယ့် လျှာနာက ပြန်ပြန်နာလာတာနဲ့ ကျွန်မက ဆေးခန်းသွားပြကြည့်ပါလားပြောတော့ သူက အင်းမလုပ်၊ အဲမလုပ်နဲ့။ ဆေးခန်းသွားရမှာလည်း အင်မတန်ပြောရခက်တဲ့သူ။ ဒီလိုနဲ့လျှာနာနာနေတာ တစ်နှစ်ခွဲလောက်ဖြစ်တော့ ကျွန်မလည်း မနေသာတော့ဘူး။ မြို့ထဲကသွားဆေးခန်းတစ်ခုကိုသွားပြီး စုံစမ်းမေးမြန်းရတာပေါ့။ ဆရာဝန်ကို အကြောင်းစုံပြောပြတော့ ဆရာဝန်ကလူနာကို ခေါ်ခဲ့ပါ။ ဒါမှသေချာ စစ်ဆေးပြီး ကုလို့ရမှာ။ အခုလောလောဆယ်တော့ လျှာနာရင်လိမ်းဖို့ လိမ်းဆေးလေးယူသွား။ အကျိုးအကြောင်း ပြန်လာပြောပေ့ါ နောက်ပြီးဖြစ်နိုင်ခြေရှိတာက သွားငုတ်တိုတွေ့ရှိရင် အဲဒီသွားတွေနဲ့ လျှာကိုထိခိုက်ပါများရင် အနာဖြစ်ပြီး "လျှာကင်ဆာ" ဖြစ်သွားနိုင်တယ်။ မပေါ့နဲ့လို့ သေချာမှာလိုက်ပါရော။ ဒါနဲ့ကျွန်မလည်း အိမ်ပြန်ရောက်တော့ အကျိုးအကြောင်းပြောပြတာပေ့ါ။ သွားဆေးခန်းသွားပြရအောင်လို့ ထပ်ပြောပြန်တော့ နင်ဘာသိလို့တုန်း၊ ဒီသွားငုတ်တိုတွေ့နဲ့ပဲ အစာစားနေရတာ၊ မနုတ်ပါဘူး။ သူဟာသူပျောက်သွားပါလိမ့်မယ်ဆိုပြန်တော့ ကျွန်မလည်း ထပ်မပြောဖြစ်တော့ဘူး။

ဒီလိုနဲ့ သမီးသူငယ်ချင်း ဆရာဝန်လေးတစ်ယောက် နေပြည်တော်ကို အလုပ်ကိစ္စနဲ့လာရင်း ပျဉ်းမနားအိမ်ကို လာလည်လို့ ဦးဦးနေကောင်းရဲ့လားလို့မေးတော့ အေး- လေဖြတ်တာတော့ တော်တော်လေးကောင်းလာပါပြီ။ လေ့ကျင့်ခန်းလည်းလုပ်၊ လမ်းလည်းလျှောက်၊ ဆေးလည်းသောက်ပေ့ါ။ ဒါပေမယ့် လျှာနာနာနေလို့ ပြောတော့ ဆရာဝန်လေးက "ဦး" ဦးပါးစပ်လေး ဟကြည့်ပါဦးလို့ပြောပြီး ကြည့်ပေးပါတယ်။ ကြည့်ပြီး "ဦး" သွားငုတ်တိုတွေ နုတ်မှဖြစ်မယ်။ လျှာမှာ သွားငုတ်တိုတွေ ချွန်နေတဲ့သွားတွေနဲ့ထိပြီး အနာလေးတွေဖြစ်နေတယ်။ အဲဒါကြာရင် "လျှာကင်ဆာ" ဖြစ်သွားနိုင်တယ်ဦးလို့ ပြောလာတော့ သူနည်းနည်းစိတ်ထင့်သွားတယ်နဲ့တူပါတယ်။

လျှာကဆက်တိုက်နာပြီး လျှာပေါ်မှာ အဖုလေးထပ်ထွက်လာတယ်။ နောက်ဝဲဘက်ပါးအောက်နား ကျွန်မတို့ ပသီရောင်သလို အကျိတ်ထွက်လာပါရော။အဲဒါနဲ့သားတို့၊ သမီးတို့ဆီ ဖုန်းဆက်ပြီးခေါ်ရတာပေ့ါ။ ဒါနဲ့ပဲ ကျွန်မတို့ ရန်ကုန်ဆင်းလိုက်ကြတယ်။

အထူးကုဆရာဝန်ကြီးကလည်း လျှာကိုနည်းနည်း လှီးထုတ်ပြီး ဓာတ်ရောင်ခြည်ပေးရမယ်။ ဖြစ်လာမယ့် ကောင်းကျိုး၊ ဆိုးကျိုးတွေ သေချာရှင်းပြပြီး လူနာရဲ့သဘောထားကို မေးပါတယ်။ ကျွန်မအနေနဲ့ကတော့ ဘာမှကို မဆုံးဖြတ်ရဲတော့ဘူး။ ခင်ပွန်းဖြစ်သူကတော့ လေကလည်းဖြတ်ထားတဲ့သူဆိုတော့ လျှာကို လှီးမထုတ်ချင်တော့ဘူး။ ဓာတ်ရောင်ခြည်ပဲ ပေးတော့မည်ဟုဆုံးဖြတ်ပြီး ဆရာဝန်ကို ပြောတော့ ဒါဆိုဘယ်မှာနေတာလဲ၊ ပျဉ်းမနားမှာနေတယ်ဆိုတော့ နေပြည်တော်ခုတင်(၁၀၀၀)ကို သွားပါ။ အဲဒီမှာ ဓာတ်ရောင်ခြည်ပေးတဲ့စက်ကလည်းအသစ်၊ ပြီးတော့ စာရင်းပေးထားပြီးရင် သိပ်မကြာဘူး။ မြန်မြန်သာသွားလိုက်ပါဆိုပြီး နေပြည်တော်ခုတင်(၁၀၀၀)ကင်ဆာဌာနက ဆရာဝန်ကြီးဆီ စာရေးပေးလိုက်ပါတယ်။

ဆေးရုံရောက်မှ"ကင်ဆာ"ရောဂါသည်တွေ အများကြီးတွေ့ရတယ် ။ အသည်းကင်ဆာ၊ အဆုတ်၊ အူမကြီး၊ သားအိမ်ခေါင်း၊ လည်ချောင်း၊ အစာအိမ်လမ်းကြောင်း၊ ဆီးကြိတ် စုံနေတာပါပဲ။ အဲဒီအချိန်မှာတော့ လျှာကင်ဆာက ကျွန်မအမျိုးသားတစ်ယောက်ပဲ။ ဆေးရုံကိုလည်း နယ်ပေါင်းစုံနဲ့ နေပြည်တော်ဝန်းကျင်က ရွာပေါင်းစုံမှ လူနာတွေလာတက်ကြတယ်။ နယ်ပေါင်းစုံကနေလာတက်ရတော့ လူနာစောင့်တွေလည်းအများကြီးပေ့ါ။ အဲဒီလူနာစောင့်တွေ နေရေးအတွက်လည်း မပူရဘူး။ ကင်ဆာဆောင်နဲ့ကပ်လျက်နားမှာ အမျိုးသားနားနေဆောင်၊ အမျိုးသမီးနားနေဆောင်ဆိုပြီး အဆောင်နှစ်ခုရှိပါတယ်။ ရေချိုးဖို့ ရေချိုးခန်းတစ်ခုစီ၊ သန့်စင်ခန်းတစ်ခုစီ လုပ်ထားပေးပြီး အဆောင်မှူးလည်း ခန့်ထားပေးပါတယ်။ အဆောင်မှူးကတော့ နယ်ပေါင်းစုံက လူနာစောင့်တွေလာရင် လိုက်နာရမယ့် စည်းကမ်းတွေပြောပြပြီး မျှမျှတတနဲ့နေရာချပေးပါတယ်။

အရေးပေါ်လူနာဖြစ်လာပြီဆိုတော့ ဓာတ်ရောင်ခြည်မြန်မြန်ပေးမှဖြစ်တော့မှာဆိုပြီး ဆရာဝန်ကြီးတွေက မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချပြီး မနက်ဖြန် လူနာကို ဓာတ်ရောင်ခြည် စပေးမယ်လို့ပြောပါတယ်။ လိုအပ်တာတွေလုပ်ထားလို့လည်း ကြိုတင်ပြောပြပါတယ်။ ဒီလိုနဲ့ဓာတ်ရောင်ခြည်ပေးကုသတာ (၃၃)ခါဆိုတော့ ပိတ်ရက်တွေနဲ့ပေါင်းရင် သုံးလကြာသွားပါတယ်။ ဓာတ်ရောင်ခြည်ကင်ပြီးတော့လည်း စိတ်မချရသေးတဲ့အခြေအနေဆိုတော့ ဆေးရုံဟာအိမ်လိုပဲဖြစ်ခဲ့ရပါတယ်။ ဆရာဝန်တွေ၊ ဆရာမတွေ၊ ဆေးရုံဝန်ထမ်းတွေဟာလည်း မိသားစုလိုပါပဲ၊ နွေးနွေးထွေးထွေးရှိကြပါတယ်။

ကျွန်မတို့လည်း ဓာတ်ရောင်ခြည်ကုသမှုခံပြီး ဆေးရုံက ဆင်းခွင့်ရလို့ ဆင်းခဲ့ကြပါတယ်။ အိမ်ရောက်ရင် လိုအပ်တဲ့ကုသမှုတွေလုပ်ဖို့ ဆရာဝန်ကြီးက သေချာညွှန်ကြားပြီး လိုအပ်တဲ့ဆေးဝါးတွေလည်း ပေးလိုက်ပါတယ်။ အိမ်မှာခင်ပွန်းကို အနာသန့်ရှင်းရေးလုပ်ပေးရင်းကနေ အနာကတဖြည်းဖြည်းကြီးပြီး အနာဝပေါ်လာပါရော။ အနာကို နေ့စဉ်သန့်ရှင်းပေးနေတာတော့ သမီးကသေချာလုပ်ပေးနေတာပေ့ါ။ တစ်ရက်ကျတော့ မကြီးရေ- သမီးတော့ ဆက်ပြီးမလုပ်ပေးရဲတော့ဘူး။ အထဲမှာ ရွစိရွစိနဲ့ ပိုးများကျချင်နေလား မသိဘူး။ သမီးတို့ဆေးရုံ အမြန်သွားရအောင်ဆိုပြီး သွားကြတာ။ ဆေးရုံရောက်တော့ ဆရာဝန်တွေက သေချာကြည့်ပြီး ဆရာမတွေကို အနာကို သေချာသန့်ရှင်းရေးလုပ်၊ ဆေးထည့်ဖို့ လိုအပ်တာတွေမှာကြားပြီး လုပ်ပေးကြပါတယ်။ ဆေးထည့်ပေးပြီး ပတ်တီးနဲ့သေချာကပ်ပေးထားပါတယ်။ လူနာကတော့ ပြင်းပြင်းထန်ထန်ကိုက်ခြင်း၊ နာခြင်းတော့ သိပ်မဖြစ်လို့ နည်းနည်းစိတ်သက်သာရပါတယ်။

ဆေးရုံတက်ပြီးနောက်ရက်မှာ အနာဝကကျယ်လာပြီး ရွစိရွစိဖြစ်နေတဲ့ပိုးတွေကတော့ တော်တော်လေးကြီးလာပြီး ပတ်တီးအုပ်ထားတဲ့ထဲကနေ အပြင်ကို တိုးထွက်လာတယ်။ သန့်ရှင်းရေးလုပ်မယ့် အချိန်ရောက်လို့ ပတ်တီးဖြေလိုက်တော့ အနာထဲမှ ပိုးတွေထွက်လာပါတယ်။ အဲဒါကို တာဝန်ကျ လက်ထောက်ဆရာဝန်လေးက ပေါင်းထားတဲ့ညှပ်လေးနဲ့ ကောက်ကောက်ပြီး အိတ်ထဲထည့်လွှတ်ပေးပါတယ်။ အဲဒီ ဆရာဝန်လေးကိုလည်း ချီးကျူးမိပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့မျက်နှာလည်းမပျက်၊ စေတနာပါပါနဲ့ကျရာတာဝန်ကို ထမ်းဆောင်ပေးတာ အလွန်ကို ကျေးဇူးတင်ရပါတယ်။ ဒီလိုနဲ့ နေ့စဉ်သန့်ရှင်းရေးလုပ်ပေး၊ အားဆေးသွင်းနဲ့ ဆေးရုံမှာ နောက်ထပ် သုံးလကြာသွားပြီး လူနာကို လက်လွှတ်လိုက်ရပါတယ်။

ကျွန်မပြောချင်တာကတော့ ကင်ဆာရောဂါဆိုတာ မဖြစ်ခင် အစားအသောက်၊ အနေအထိုင်၊ အသိ၊ သတိနဲ့ ယှဉ်ပြီးနေထိုင်သွားကြမယ်။ ကင်ဆာလို့ သံသယဖြစ်လာရင်လည်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွေမှာ အချိန်မီသွားရောက် ကုသမှုခံယူကြပါလို့လည်း တိုက်တွန်းချင်ပါတယ်။ အခုခေတ်ကြီးမှာ ကျန်းမာရေးဆိုင်ရာဗဟုသုတတွေဆိုတာလည်း လက်လှမ်းမီတဲ့နေရာတွေမှာရှိနေပါပြီ။ တစ်ယောက်စကား တစ်ယောက်နားနဲ့လည်း ကင်ဆာရောဂါဆိုးအကြောင်း သိ၊ ကြားနေရတော့ ကြိုတင်ကာကွယ်ကြပါ။ ဖြစ်လာရင်လည်း စိတ်ဓာတ်ခိုင်ခိုင်နဲ့ စောစောသိ၊ စောစောကုသမှုခံယူရင် သက်သာပျောက်ကင်းနိုင်တာတွေလည်း ရှိပါတယ်။ လျှာကင်ဆာဆိုတာ ကွမ်းစား၊ ဆေးလိပ်သောက်များတဲ့သူတွေအပြင် တခြားကြောင့်ဖြစ်နိုင်ခြေတွေလည်း ရှိပါတယ်ဆိုတာ သတိရှိစေချင်ပါတယ်။

အဲ့ဒါကြောင့် ကမ္ဘာပေါ်မှာရှိသမျှ ကင်ဆာရောဂါသည်တွေ အချိန်မီသိရှိပြီး အချိန်မီဆေးကုသမှုခံရကာ ရောဂါဝေဒနာပျောက်ကင်းကြပါစေလို့ မေတ္တာပို့ဆုတောင်းပေးနေပါတယ်။ ။

> **အခုခေတ်ကြီးမှာ ကျန်းမာရေးဆိုင်ရာဗဟုသုတတွေဆိုတာလည်း လက်လှမ်းမီတဲ့နေရာတွေမှာရှိနေပါပြီ။ တစ်ယောက်စကား တစ်ယောက်နားနဲ့လည်း ကင်ဆာရောဂါဆိုးအကြောင်း သိ၊ ကြားနေရတော့ ကြိုတင်ကာကွယ်ကြပါ။ ဖြစ်လာရင်လည်း စိတ်ဓာတ်ခိုင်ခိုင်နဲ့ စောစောသိ၊ စောစောကုသမှုခံယူရင် သက်သာပျောက်ကင်းနိုင်တာတွေလည်း ရှိပါတယ်။ လျှာကင်ဆာဆိုတာ ကွမ်းစား၊ ဆေးလိပ်သောက်များတဲ့သူတွေအပြင် တခြားကြောင့်ဖြစ်နိုင်ခြေတွေလည်း ရှိပါတယ်ဆိုတာ သတိရှိစေချင်····**

## ညောင်ဦးမြို့ ကံသာယာကျေးရွာသို့ သောက်သုံးရေလှူဒါန်းနိုင်

**မန္တလေး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကံသာယာကျေးရွာနေဒေသခံပြည်သူများနှင့် မွေးမြူထားသော တိရစ္ဆာန်တို့အတွက် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည်ဖြစ်၍ ရေကုသိုလ်လှူဒါန်းလိုသူများ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကံသာယာကျေးရွာမှာ ကျေးရွာအကျယ်အဝန်း ၂၃ ဧကရှိ မြေဧရိယာတွင် အိမ်ထောင်စုပေါင်း ၂၉၁ စုမှ ရွာသူ ရွာသား ၁၅၀၀ ကျော်နှင့် မွေးမြူထားသော တိရစ္ဆာန်တို့ သောက်သုံးရေမှာ ရွာအစပ်မှနေ၍ လေးဖာလုံခန့်ဝေးသော ကျေးရွာအရှေ့မြောက်ထောင့်ရှိ ရေတွင်းတစ်တွင်းမှ ရေတစ်စည်ရရှိရန်အတွက် နံနက် ၄ နာရီမှ တန်းစီ၍ ရေခပ်လျှင် နေခင်း ၁၀ နာရီခန့်တွင် ရေတစ်စည် အလှည့်ကျ ရရှိလျက်ရှိသည်။

ကျေးရွာတွင် အခြေခံမူလတန်းလွန်ကျောင်းတစ်ကျောင်း၊ ကျောင်းသားကျောင်းသူများ ၃၀၀ နီးပါးရှိပြီး ရပ်ဝေးမှ လာရောက်စာသင်ကြားပြသနေသော ဆရာ ဆရာမများလည်း ရေသောက်သုံးရန် အခက်ကြုံနေသည့်အတွက်ကြောင့် ရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာသံဃာတော်များ၊ သက်ကြီးရွယ်အိုနှင့် ရွာသူရွာသားများ၊ စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ရေတွင်းတစ်တွင်းရရှိရန် ကျောင်းအုပ်ကြီး ဦးစိုးနိုင်နှင့် ဦးစစ်ဆန်းဦးတို့ ဦးဆောင်၍ အလှူခံလျက်ရှိကာ ရေကုသိုလ်အတွက် ယမန်နေ့တွင် ဦးစစ်ဆန်းဦးက ငွေကျပ် သိန်း ၃၀ လှူဒါန်းခဲ့ပြီး ယခုအခါသိန်း ၇၀ ခန့်ရရှိနေပြီဖြစ်သည်။ ကောင်းမွန်သော ရေတစ်တွင်း ရရှိရန်အတွက် မြေအောက်ပေ ၇၀၀ ကျော်တူးရန် ငွေကျပ်သိန်း ၂၀၀ နီးပါး ကုန်ကျမည်ဖြစ်သဖြင့် အဆိုပါလှူဒါန်းမှုအတွက် စေတနာရှင်၊ အလှူရှင်၊ ကုသိုလ်ရှင်များအနေဖြင့် ကျေးရွာပဓာနနာယကဆရာတော် ဘန္ဒန္တပဏ္ဍိတ၊ ဖုန်း၀၉-၂၆၀၄၉၈၃၁၂၊ ဦးအိုကေ (ကျေးရွာအုပ်ချုပ်ရေးမှူး) ဖုန်း ၀၉-၂၅၉၁၁၂၈၀၆၊ ဦးစိုးနိုင် (ကျောင်းအုပ်ကြီး မူ/လွန်ကံသာယာ) ဖုန်း ၀၉-၄၀၂၆၈၂၈၈၁နှင့် ဦးစစ်ဆန်းဦး ဖုန်း ၀၉-၂၅၇၄၆၃၁၉၉ တို့အပြင် ဧရာဝတီဘဏ် ၀၆၁-၆၁၂၁၄ ငွေလှူဒါန်းရေးအကောင့်နံပါတ် ၀၀၅၈၂၀၂၀၁၀၀၁၂၉၇၆ သို့ ထည့်သွင်းလှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း အလှူရှင် ဦးစစ်ဆန်းဦးထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်

**မန္တလေး မတ် ၁၂**

လူငယ်များ ဗလငါးတန်းဖွံ့ဖြိုးပြီး အားကစားစိတ်ဓာတ်များ ပိုမိုသက်ဝင်ယုံကြည်လာစေရန် မိမိဝါသနာပါရာ အားကစားနည်းများကို လေ့ကျင့်လိုက်စားခြင်းဖြင့် အမျိုးသား အားကစားအဆင့်အတန်း တိုးတက်လာစေရန်၊ နွေရာသီအားကစားသင်တန်းများမှ အောင်မြင်မှုအလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော နွေရာသီအားကစားသင်တန်းများ ဖွင့်ပွဲကို မတ် ၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမတွင် ကျင်းပခဲ့သည်။



အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်နှင့် နည်းပြဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

နွေရာသီအခြေခံ အားကစားသင်တန်းများကို ဗထူးကွင်း၊ အောင်မြေမန္တလာအားကစားကွင်း၊ မဟာအောင်မြေအားကစားကွင်းနှင့် အား/ကာသိပ္ပံတို့တွင် ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဘောလုံး၊ ရိုးရာခြင်း၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ကရာတေးဒိုး၊ ဘော်လီဘော၊ ရိုးရာလက်ဝှေ့၊ အနောက်တိုင်းလက်ဝှေ့၊ ရေကူး၊ ကာယဗလနှင့်ကာယအလှအားကစားနည်းများအား ဧပြီ ၉ ရက်အထိ နံနက်ပိုင်း၊ ညနေပိုင်းများတွင် သင်ကြားပေးကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ ဝန်ဆောင်မှုပေးနိုင်မည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်မှုစီမံကိန်း အဆင့်သုံးဆင့်အနက် ပထမအဆင့် ပြည်ပခရီးသည် လေဆိပ်အဆောက်အအုံသစ် ဖွင့်လှစ်

**လက်ရှိတွင် မြန်မာနိုင်ငံ၏ အဓိက အချက်အချာ ဝင်/ထွက် ပေါက်တစ်ခုဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်မှုစီမံကိန်းအား တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ မျှ ဝန်ဆောင်မှုပေးနိုင်ရန်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအဆင့် သုံးဆင့်အနက် ပထမအဆင့်၏ စီမံကိန်းတစ်ခုဖြစ်သော ပြည်ပခရီးသည် အဆောက်အအုံသစ်ကို မတ် ၁၂ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးအား တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ မျှ ဝန်ဆောင်မှုပေးနိုင်ရန် အဆင့် သုံးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့် စီမံကိန်းပြီးစီးပါက ခရီးသည် ၁၂ သန်းခန့် ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ပထမအဆင့်စီမံကိန်း၏ ပြည်ပအဆောက်အအုံသစ် တိုးချဲ့တည်ဆောက်မှုပြီးစီးသွားပြီဖြစ်ပြီး ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ဖွင့်လှစ်လိုက်သော လေဆိပ်ပြည်ပခရီးသည် အဆောက်အအုံသစ်သည် အလျား မီတာ ၂၄၀၊ အကျယ် ၉၇ ဒသမ ၇ မီတာရှိ RC & Steel Building ဖြစ်ပြီး Basement အပါအဝင် ငါးထပ်အဆောက်အအုံဖြစ်ကာ ကားရပ်နားရာနေရာမှ ဝင်ရောက်/ ထွက်ခွာနေရာနှင့် အလျား ၁၀၁ မီတာ၊ အမြင့် ၂၄ ဒသမ ၄၈ မီတာရှိ Sky Link နှင့် ဆက်သွယ်ထားကြောင်း သိရသည်။ လေဆိပ်အဆောက်အအုံသစ်၏ Basement တွင် Arrival and Departure Baggage Handling ဧရိယာ၊ Check-in Hall & Counter ဧရိယာ၊ Arrival immigration၊ Custom နှင့် Duty Free Shop ဧရိယာများ ပါဝင်ပြီး ပထမထပ်တွင် Passport Control Area၊ Security Check၊ Departure Gate Lounge နှင့် Duty Free Shop ဧရိယာများ၊ ဒုတိယထပ်တွင် Retail Area၊ တတိယထပ်တွင် Recreational Area များ ပါဝင်တည်ဆောက်ထားကြောင်း သိရသည်။

ဖွင့်လှစ်လိုက်သော လေဆိပ်အဆောက်အအုံသစ်ကို ပြည်ပခရီးသည် ဝင်/ထွက်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဆက်လက်၍ ပြည်တွင်း ခရီးသည် ဝင်/ထွက် ဂိတ်အဖြစ် ပြည်တွင်းခရီးသည် တိုးချဲ့အဆောက်အအုံသစ်ကိုလည်း



**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာ ဦးညီညီမောင်။**

လက်ရှိလေဆိပ် VIP ဆောင်ရှေ့တွင် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ လက်ရှိပြည်တွင်းခရီးသည် ဝင်/ထွက်အဖြစ် ဆောင်ရွက်နေသည့် အဆောက်အအုံ(ဂုဏ်ပြုခံအဆောက်အအုံ)ကိုလည်း ဖျက်သိမ်းကာ နိုင်ငံတကာခရီးသည် အဆောက်အအုံနှင့် ပြည်တွင်းခရီးသည် အဆောက်အအုံတို့အား ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု သိရသည်။

"ခရီးသည် အဝင်/အထွက်က တစ်နှစ်ထက် တစ်နှစ်ကို ပိုမိုများပြားလာပါတယ်။ အရင်က ရန်ကုန်လေဆိပ်က တစ်နှစ်ကို ခရီးသည် ၂ ဒသမ ၇ သန်း ဝင်/ထွက်လို့ရအောင် တည်ဆောက်ခဲ့ပေမယ့် ခရီးသည်တိုးတက်များပြားလာတဲ့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုင်ငံတော်က တိုးချဲ့ဆောင်ရွက်ခဲ့တာပါ။ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရာမှာ ပထမအဆင့်စီမံကိန်း ပြီးစီးမယ်ဆိုရင် ခရီးသည် ၁၂ သန်း၊ ဒုတိယအဆင့်စီမံကိန်းပြီးရင် ခရီးသည် ၁၅ သန်း၊ တတိယအဆင့် စီမံကိန်းပြီးသွားရင် ခရီးသည် သန်း ၂၀ စီမံ ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်မှန်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာ ဦးညီညီမောင်က ရှင်းပြသည်။

ရန်ကုန်လေဆိပ်အဆင့်မြှင့်တင်မှုစီမံကိန်းကို အကောင်အထည်ဖော်ရန် မူလက တစ်နှစ်လျှင် ခရီးသည် ခြောက်သန်း ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်သော်လည်း နိုင်ငံတော်မှ တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ မျှ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်စေခဲ့ရာ ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ သဘောတူစာချုပ် ချုပ်ဆိုမှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လေကြောင်းညွှန်ကြားမှု ဦးစီးဌာနနှင့် တင်ဒါအောင်ကုမ္ပဏီဖြစ်သော Pioneer Aerodrome Services Co.,Ltd၊ China Harbour Engineering Co.,Ltd၊ CPG Consultancy Pte.,Ltd၊ Malaysia Airport Consultancy Services Co.,Ltd တို့ ပါဝင်သော Yangon Aerodrome Co.,Ltd တို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

စီမံကိန်း အဆင့်သုံးဆင့်အနက် စီမံကိန်းပထမအဆင့်တစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းကာလအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘောတူညီစာချုပ် ချုပ်ဆိုပြီးနောက် ခြောက်လအတွင်း ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန်၊ နောက် ၁၈ လအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အပြီးဆောင်ရွက်ရန် စုစုပေါင်း နှစ်နှစ်အတွင်း အပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။ စီမံကိန်း ခန့်မှန်းကုန်ကျငွေမှာ စီမံကိန်းပထမအဆင့်အတွက် အမေရိကန်ဒေါ်လာ ၃၇၂ ဒသမ ၆၁၈ သန်း၊ ဒုတိယအဆင့်အတွက် အမေရိကန် ဒေါ်လာ ၁၁၄ ဒသမ ၂၅၀ သန်း၊ တတိယအဆင့်အတွက်အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅၇၇သန်း၊ စီမံကိန်းကာလ ဈေးငွေအတိုး ဒေါ်လာ ၇၃ ဒသမ ၂၁၆ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၆၃၃ ဒသမ ၂၁၁ သန်းဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်း ပြည်ပခရီးသည် ဝင်/ထွက်မှုမှာ ငါးသန်းကျော်ရှိလာပြီး မကြာမီ ခြောက်သန်းကျော် ရောက်ရှိလာမည်ဖြစ်သည့်အတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး အကောင်အထည် မပေါ်မီတွင် တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ မျှ ဝန်ဆောင်မှုပေးနိုင်မည့် လေဆိပ်အဖြစ် ရန်ကုန်လေဆိပ်အား အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းလေကြောင်းလိုင်း ၁၁ လိုင်း၊ ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်းအထိ တိုးချဲ့ပြေးဆွဲလာသည့်အတွက် မဖြစ်မနေတိုးချဲ့ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ ယင်းမှာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများဆောင် ရွက်နိုင်ခဲ့ခြင်းနှင့် နိုင်ငံတကာ ခရီးသွားများအား ဆွဲဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍ သိသိသာသာ တိုးတက်မြင့်မားလာခြင်းဖြစ်ကြောင်း သိရသည်။

သတင်း – ဆုနှင်းလဲ့
ဓာတ်ပုံ – ငွေအောင်(ကြေးမုံ)



**❍ အိမ်ရှင်အဖြစ်**

မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို သုံးကြိမ်မြောက် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ ကိုးကြိမ်မြောက် ကျင်းပသည့်ပြိုင်ပွဲဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့မှာ ချန်ပီယံဆုနှစ်ကြိမ်စီ ရရှိထားသော်လည်း မြန်မာအသင်းသည် ဒုတိယနေရာကို သုံးကြိမ်အထိ ရယူထားနိုင်သောကြောင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းသည် ပထမဆုံး အကြိမ်ကျင်းပသည့် ၂၀၀၄ ပြိုင်ပွဲနှင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၀၇ ပြိုင်ပွဲတို့တွင် ချန်ပီယံဆုရရှိခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် လေးကြိမ်တွင် ဗိုလ်လုပွဲသို့ သုံးကြိမ်တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယနေရာများဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းမှာ ယခုနှစ်တွင် ဗိုလ်စွဲနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ **(ချစ်ကိုကို)**

**☆ သက်တမ်း ၉၀ မှ**

ဘဝသံသရာတံတားသည် သာစည်-ရွှေညောင်ကြား တံတားပေါင်း ၄၁၇ စင်းရှိသည့်အနက် မိုင်တိုင်(၃၇၉/၇-၈) တံတားအမှတ် (၃၈၂)အရှည်ပေ ၂၀၀၊ အမြင့် ၆၂ ပေရှိကာ CIP.R13A သံပေါင်အမျိုးအစားတံတားတစ်ခုဖြစ်ကြောင်း၊ ၁၉၂၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို ဘဝသံသရာတံတားဟု ခေါ်ဆိုရခြင်းမှာ တောင်ပေါ်လမ်းဖြတ်သည့် ရွှေညောင်မှလာရာခရီး၌ အရှည်ပေ ၆၀၊ တံတားအမှတ်(၃၈၆)တစ်စင်းဖြစ်သည့်အောက်တံတားမှ အထက်ဟဲဟိုးသို့တက်ရာ၌ ခရုပတ်စက်ဝိုင်းသဏ္ဍာန် အတက်အဆင်းများစွာဖြင့် မောင်းနှင်ရကာ အနိမ့်အမြင့်၊ အကွေ့အကောက်၊ အတက်အဆင်းများလှသောကြောင့် လူ့ဘဝနှင့်နှိုင်းယှဉ်၍ ဒါရိုက်တာဆရာကြီး ဦးသုခက"ဘဝသံသရာ"ရုပ်ရှင်ကားအား အဓိကဇာတ်ဝင်အဖြစ်ရိုက်ကူးခဲ့ရာမှ "ဘဝသံသရာတံတား" ဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

ယခုအခါအဆိုပါတံတားပေါ်တွင်နေ့စဉ် ရထား အမှတ်(၁၄၃)ဖြင့် သာစည်မှ ရပ်စောက်သို့ အဆန်ခရီး၊ ရထားအမှတ်(၁၄၄)ဖြင့် ရပ်စောက်မှသာစည်သို့ အစုန်ခရီး စုစုပေါင်းခရီးအကွာအဝေး ၉၈ မိုင်ကို ခရီးသွားပြည်သူများအတွက် ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**စိုင်းလူမင်း(မီဒီယာဂရု)**

■ ■




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ထိုစဉ်က တည်ဆောက်ခဲ့သော လေဆိပ်အဆောက်အအုံ၏ အရွယ်အစားသည် အသုံးပြုခဲ့သည့်လေယာဉ်များ၏ အရွယ်အစားနှင့် ခေါက်ရေတို့အရ သယ်ဆောင်ခဲ့သည့် လေဆိပ်ခရီးသည်အရေအတွက်ကို နှစ်ပေါင်း ၃၀ ကျော် နိုင်နင်းစွာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တိုးတက်များပြားလာသည့် ပြည်တွင်း ပြည်ပ လေယာဉ်စီးခရီးသည်အရေအတွက်ကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အလျား ပေ ၃၄၀၊ အနံပေ ၁၄၀ ရှိ RC နှစ်ထပ်လေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်အသုံးပြုခဲ့ပါကြောင်း။

ဆက်လက်ပြီး လေယာဉ်စီးခရီးသည်ဦးရေ များပြားလာသည့်အတွက် ၂၀၀၄ ခုနှစ်တွင် မူလလေဆိပ်အဆောက်အအုံကို အလျား ၃၈၂ ပေ၊ အနံ ၂၀၆ ပေနှင့် အမြင့် ၆၈ ပေရှိ လေဆိပ်အဆောက်အအုံသစ်အဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း၊ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ခြင်းနှင့်အတူ အလျား ပေ ၆၀၀၊ အနံ ပေ ၆၀၀ ရှိ Parking Area ကိုလည်း တည်ဆောက်ခဲ့ပြီး တစ်နှစ်လျှင် ခရီးသည်ဦးရေ ၂ ဒသမ ၇ သန်းအထိ အသုံးပြုနိုင်ခဲ့ပါကြောင်း၊ Terminal အသစ်တွင် Passenger Boarding Bridge လေးခုနှင့် နိုင်ငံတကာလေဆိပ်များ၏ အင်္ဂါရပ်များနှင့်အညီ ထည့်သွင်းတည်ဆောက်ခဲ့ပါကြောင်း။

မိမိတို့အစိုးရသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်းနှင့်အတူ Private Sector Participation ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာလေဆိပ်များဖြစ်သည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်များကိုလည်း PPP စနစ်အရ တိုးချဲ့ပြုပြင်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် International Tender ခေါ်ယူခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ပြုပြင်တည်ဆောက်ရန်အတွက် Yangon Aerodrome Services Co.,Ltd. က တင်ဒါအောင်မြင်ခဲ့ပြီး ဇန်နဝါရီ ၆ ရက်တွင် Concession Agreement ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခုဖွင့်လှစ်သည့် လေဆိပ်အဆောက်အအုံသစ်သည် အလျား မီတာ ၂၄၀၊ အကျယ် မီတာ ၉၇ ဒသမ ၇ ရှိ RC & Steel Building ဖြစ်ပြီး Basement အပါအဝင် ငါးထပ်အဆောက်အအုံဖြစ်ပါကြောင်း၊ အဆိုပါလေဆိပ်အဆောက်အအုံသစ်ကို ကားရပ်နားရာနေရာမှ ဝင်ရောက်၊ ထွက်ခွာနိုင်မည့် အလျား ၁၀၁ မီတာ၊ အမြင့် ၂၄ ဒသမ ၄၈ မီတာရှိ Sky Link နှင့် ဆက်သွယ်ဆောက်လုပ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားပြီး Yangon Aerodrome ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး ရည်မှန်းချက်ကို အထောက်အကူပြုဖြည့်ဆည်းပေးမည့် ရန်ကုန်လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိက၊ အများပိုင်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာမှုရှိသည့်စနစ်ဖြင့် တင်ဒါခေါ်ယူခဲ့ရာတွင် PAS Consortium သည် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တင်ဒါအောင်မြင်ခဲ့သည်။

PAS Consortium သည် Yangon Aerodrome Company Limited အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ခရီးသည်စုစုပေါင်း ခြောက်သန်း ဝင်/ထွက်အသုံးပြုနိုင်သော လေဆိပ်ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် Concession Agreement (CA)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် သဘောတူစာချုပ်ခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ထွက်သွားလာနေသည့် ခရီးသည်ဦးရေသည် ၂၀၁၄ ခုနှစ်အတွင်း ပြည်ပခရီးသည် ၂၉၁၅၆၆၈ ဦး၊ ပြည်တွင်းခရီးသည် ၁၄၇၉၁၄၇ ဦး စုစုပေါင်း ၄၃၉၄၈၁၅ ဦးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်အတွင်း ပြည်ပခရီးသည် ၃၃၃၅၀၁၈ ဦး၊ ပြည်တွင်းခရီးသည် ၁၇၀၁၀၁၉ ဦး စုစုပေါင်း ၅၀၅၄၀၃၇ ဦးအထိ လျင်မြန်စွာတိုးတက်လာခဲ့ရာ ထိုသို့တိုးတက်မှုအရ ၂၀၁၇ ခုနှစ်တွင် မူလရည်မှန်းထားသော ခရီးသည် ခြောက်သန်းကို ကျော်လွန်သွားမည်ဖြစ်သည်။ သို့ဖြစ်၍ တစ်နှစ်လျှင် ခရီးသည်ဦးရေ သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်မည့် လေဆိပ်စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် Amendment Agreement ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Yangon Aerodrome Company Limited တို့အကြား လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ယခုလက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ၁၁ လိုင်းနှင့် ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်း ဝင်ရောက်ပြေးဆွဲလျက်ရှိပြီး လေကြောင်းလိုင်းသစ်များ ထပ်မံတိုးချဲ့ဝင်ရောက်ပြေးဆွဲလာသည်နှင့်အမျှ ခရီးသည်များ ပိုမိုလာရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လေယာဉ်မှူးလောင်း မောင်မင်းထက်ဦး၊ ကင်းထောက်လူငယ် မောင်ရဲစွမ်းရည်နှင့် ထူးချွန်လူငယ် မသိမ့်အိချိုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ဖွင့်ပွဲတွင် ကင်းထောက်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ဖွင့်လှစ်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲများ၏ မော်ကွန်းကမ္ပည်းကျောက်စာများကို တွေ့ရစဉ်။ (သတင်းစဉ်)

**ရန်ကုန်လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပုဂ္ဂလိက၊ အများပိုင်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာမှုရှိသည့်စနစ်ဖြင့် တင်ဒါခေါ်ယူခဲ့ရာတွင် PAS Consortium သည် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တင်ဒါအောင်မြင်ခဲ့။**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်အဝင်ကို တွေ့ရစဉ်။ (သတင်းစဉ်)




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်အတွင်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဆောက်အအုံသစ်ကို ညပိုင်းတွင်တွေ့ရစဉ်။ (သတင်းစဉ်)

# လူမှုဖူလုံရေးအဖွဲ့ အမျိုးသားအဆင့်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၂**

လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့်အစည်းအဝေး (၁/၂၀၁၆)ကို နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ မတ် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ဒုတိယဝန်ကြီး ဦးထင်အောင်က နိုင်ငံတော်အကျိုးစီးပွား၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားကို မျှတစွာဖော်ထုတ်ပေးနိုင်ရန် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအတိုင်း အစိုးရနှင့်အရပ်ဘက်မှ ကျန်းမာရေးနှင့် ဥပဒေပညာရှင် ၂၈ ဦးဖြင့် ၂၀၁၄ ခုနှစ်မှစ၍ ဖွဲ့စည်းခဲ့ပြီး နှစ်နှစ်အတွင်း အာမခံစနစ် ခြောက်မျိုးအနက်မှ သုံးမျိုးကို အလုပ်သမားထုတစ်ရပ်လုံး၏ လူမှုဘဝလုံခြုံရေးအတွက် ဥပဒေ၊ နည်းဥပဒေများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ဝင်များ အကြံပြုဆွေးနွေးချက်များပေါ်မူတည်၍ အတည်ပြု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိကျန်းမာရေးအဖွဲ့အစည်းများ၊ ဆေးဘက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်း၍ ရွေ့လျားဆေးကုသပေးခြင်း၊ ခေတ်မီဆေးရုံများ၊ ဆေးခန်းများတိုးချဲ့တည်ဆောက်ကာ စီမံကိန်းဖြင့် အဆင့်မီစွာကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။



လူမှုဖူလုံရေးအဖွဲ့တွင် အလုပ်သမား၏ လစာမှ သုံးရာခိုင်နှုန်း၊ အလုပ်ရှင်မှ နှစ်ရာခိုင်နှုန်း လစဉ်ပေးသွင်းခြင်းဖြင့် အာမခံထားရှိရာ အဖွဲ့ဝင်ပေါင်း ရှစ်သိန်းခန့်ရှိနေပြီး မြန်မာတစ်နိုင်ငံလုံးရှိ လူမှုဖူလုံရေးအဖွဲ့ရုံးများတွင် အဖွဲ့ဝင်ခွင့်လျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးနေကြောင်း၊ အဖွဲ့ဝင်များကိုလည်း အခမဲ့ဆေးကုသမှုပေးခြင်း၊ လူမှုဘဝအဆင်ပြေစေရန်အတွက် တစ်မျိုးသားလုံးအကျိုးစီးပွားကိုမျှော်မှန်းပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အမျိုးသမီးများအနေဖြင့် မီးဖွားခွင့်ခြောက်လနှင့် ဖခင်အမျိုးသားအတွက်သုံးလခွင့်ပေးခြင်း၊ အာမခံအလုပ်သမားများအနေဖြင့် ထိခိုက်နစ်နာမှု၊ သေဆုံးမှုဖြစ်ပေါ်လာပါက လူမှုဖူလုံရေးအဖွဲ့က အခမဲ့ဆေးကုသခွင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အပြင် မန္တလေးမြို့တွင် ကင်ဆာနှင့် နှလုံးရောဂါ အထူးကုဌာနများနှင့် အထွေထွေကုဆေးရုံကြီးကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တည်ဆောက်လျက်ရှိကြောင်းနှင့် အဖွဲ့မဝင်ရသေးသည့် အလုပ်သမားများကိုလည်း အာမခံအလုပ်သမားများဖြစ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောသည်။

လူမှုဖူလုံရေးအစည်းအဝေးတွင် လူမှုဖူလုံရေးအဖွဲ့အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်နှင့်အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# စွန့်ပစ်ကော်ဖီမစ်အိတ်ခွံများဖြင့် ဖျာချောလုပ်ငန်းရက်လုပ်သူများ အပိုဝင်ငွေရရှိ

**ငါ့သရောက် မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာတွင် အသုံးပြုပြီးသော စွန့်ပစ်ကော်ဖီမစ်အိတ်အခွံများကိုစုဆောင်း၍ တစ်နိုင်တစ်ပိုင် ဖျာချောလုပ်ငန်းရက်လုပ်နေကြကြောင်း သိရသည်။

အဆိုပါ ကော်ဖီမစ်အိတ်ခွံဖြင့်ပြုလုပ်သည့် ဖျာချောများကို ကျေးရွာရှိ ဒေသခံပြည်သူများဝယ်ယူအသုံးပြုကြသည့်အပြင် အခြားနီးစပ်ရာကျေးရွာများမှ ပြည်သူများကို နေ့စဉ်ရောင်းချနေရသဖြင့် အလုပ်အကိုင်များရရှိနေပြီး မိသားစုဝင်ငွေရရှိကာ အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ စွန့်ပစ်ကော်ဖီမစ်အိတ်ခွံများ အသုံးပြု၍ တစ်နိုင်တစ်ပိုင် ဖျာချောရက်လုပ်ရောင်းချသည့် ဒေသခံတစ်ဦးက ပြောသည်။

ရက်လုပ်သည့် ဖျာချောများမှာ တစ်ယောက်အိပ်ဖျာနှင့် သုံးယောက်အိပ်ဖျာ နှစ်မျိုးရက်လုပ်ကြကြောင်း သိရသည်။

ထိုသို့ ဖျာချောပြုလုပ်ရောင်းချသူများသည် ဖျာချောများရက်လုပ်ရန် စုဆောင်းရရှိသည့်ကော်ဖီမစ်အိတ်ခွံများကို ပထမအဆင့်တွင် ဆပ်ပြာဖြင့်ရေဆေးသန့်စင်ရကြောင်း၊ ထို့နောက် စနစ်တကျသပ်ရပ်မှုရှိစေရန် အိတ်ခွံအနားများကို ကတ်ကြေးဖြင့်ညီအောင် လှီးဖြတ်ပေးရကြောင်း၊ ယင်းသို့ အဆင့်ဆင့်ပြုလုပ်ပြီးပါက အမျိုးအစားတူကော်ဖီမစ်အိတ်ခွံများဖြင့် လှပသည့် ဖျာချောတစ်ချပ်ဖြစ်လာအောင် ပုံဖော်ရက်လုပ်ကြကြောင်း သိရသည်။

"ကျွန်မတို့ကတော့ ကိုယ်တတ်ကျွမ်းတဲ့ပညာကို အသုံးချပြီး မိသားစုအတွက် နေ့စဉ်ဝင်ငွေရရှိအောင် လုပ်ကိုင်နေကြတာပါ။ ဒီလိုစွန့်ပစ်ကော်ဖီမစ်အိတ်ခွံနဲ့ ဖျာချောဖြစ်ဖို့ဆိုတာမလွယ်ကူပါဘူး။ ပြီးတော့ လုပ်ငန်းလုပ်ရာမှာလည်း ပစ္စည်းစုဆောင်းရတဲ့အချိန်ရယ်၊ သေသပ်လှပတဲ့ဖျာတစ်ချပ်ဖြစ်လာဖို့အတွက် အမျိုးအစားတူတဲ့ ကော်ဖီမစ်အိတ်အခွံတွေကို အနားတွေညီအောင် ကတ်ကြေးနဲ့ ကိုက်ဖြတ်နေရတာရယ်၊ ဖျာရက်ရတဲ့အချိန်ရယ်ဆိုတော့ အချိန်တွေယူပြီးတော့ လုပ်ကိုင်နေရတဲ့ အလုပ်တစ်ခုပါ။ တစ်ပတ်ကို တစ်ယောက်အိပ်ဖျာနှစ်ချပ်နဲ့ သုံးယောက်အိပ်ဖျာတစ်ချပ် လောက်ပဲပြီးပါတယ်။ ရောင်းဈေးက တစ်ယောက်အိပ်ဖျာတစ်ချပ်ကိုငွေကျပ် ၇၅၀၀၊ သုံးယောက်အိပ်ဖျာကငွေကျပ် ၁၅၀၀၀နဲ့ ရောင်းချပေးနေပါတယ်"ဟု ငါ့သရောက်မြို့ ဆည်ကျေးရွာမှ ကော်ဖီမစ်အိတ်ခွံဖြင့် ဖျာချောရက်လုပ်ရောင်းချသည့်ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကရင်ပြည်နယ်၏ ပထမဆုံးရေကူးကန် မတ်လအပြီးတည်ဆောက်မည်

**ဘားအံ မတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ကန်သာယာပန်းခြံတွင် ၅၀၂၅ မီတာ အကျယ်အဝန်းရှိသော ကရင်ပြည်နယ်၏ ပထမဆုံးရေကူးကန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ စတင်၍ Twin & Soe Brother ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးမှုရှိပြီဖြစ်ပြီး မတ် ၂၇ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကူးကန်တွင် အစည်းအဝေးခန်းမ၊ ကားပါကင်၊ နားနေဆောင်၊ ရေချိုးခန်း၊ အဝတ်လဲခန်း၊ ရေအိမ်များပါရှိမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားအားကစားလေ့လာလိုက်စားသူများအတွက် အထူးကောင်းမွန်သော အဆင့်မီ ရေကူးကန်ကြီးတစ်ကန် ကရင်ပြည်နယ် ဘားအံမြို့တွင် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့လက်ထက်တွင် ဘားအံမြို့နယ်၌ လှာကမြင်အဆင့်မြင့်အားကစားကွင်း၊ ကြက်တောင်လေ့ကျင့်ရေးရုံတစ်ရုံ၊ အလေးမနှင့် ကာယဗလအားကစားရုံတစ်ရုံ၊ တင်းနစ်ကွင်းတစ်ကွင်း၊ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံတစ်ရုံ၊ အားကစားနည်းများအားလုံးပြိုင်ပွဲများ ကျင်းပနိုင်စေရန် အားကစားရုံကြီးတစ်ရုံတို့ကို လှာကမြင်အားကစားကွင်းကြီးထဲတွင် တည်ဆောက်ထားပြီးဖြစ်ကြောင်းနှင့် အားကစားတိုးတက်ရေးအတွက် အားကစားသင်တန်း၊ ဒိုင်သင်တန်း၊ နည်းပြသင်တန်းများသာမက အားကစားကွင်း၊ အားကစားရုံများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

# ရေမြောင်းများသည် အမှိုက်ပစ်ရန်မဟုတ်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့် ဗိုလ်မင်းရောင်လမ်းဆုံရှိ ရေမြောင်းကြီးတွင် အမှိုက်များပြည့်နေပြီး ရေစီးရေလာ ကောင်းမွန်ခြင်းမရှိဘဲ ညစ်ပတ်လျက်ရှိသည်ကို ဤနေရာ ဖြတ်သွားသူတိုင်းက တွေ့မြင်ကြသည်။

"အပြင်မြောင်းသေးတွေကနေ ဒီမြောင်းမအကျယ်ထဲကို စွန့်ပစ်ရေတွေစီးဝင်အောင် မြို့တော်စည်ပင်က စနစ်တကျ တူးဖော်ထားတာပဲ၊ ဒါပေမယ့် ဒီပတ်ဝန်းကျင်မှာနေတဲ့သူတွေက အမှိုက်တွေကို သတ်မှတ်ထားတဲ့ အမှိုက်လှောင်ကန်တွေ၊ အမှိုက်ပုံးတွေမှာမစွန့်ပစ်ဘဲ မြောင်းတွေထဲကို ပစ်တော့ ဒီမြောင်းမကြီးမှာ လာစုပုံပြီး ရေမြောင်းပိတ်နေတယ်။

လူမြင်ကွင်းလည်းဖြစ်တော့ အကျည်းတန်တာပေါ့ဗျာ။ ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး။ ဒီပတ်ဝန်းကျင်မှာ နေတဲ့သူတွေ စည်းကမ်းမရှိရာ ကျတာပေါ့။ မြို့နယ်စည်ပင်ကိုလည်း အကြောင်းကြားထားပါတယ်။ သူတို့လည်းလာပြီး ဆယ်ယူသန့်ရှင်းအောင် လုပ်ပေမယ့် ပြန်ပြီး အမှိုက်တွေက စုလာတာပဲဗျာ။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေ ရှိနေသေးတယ်။ ဒီလူတွေကိုပညာပေးဒဏ်ရိုက်ဖို့သင့်ပါတယ်။ ဒီလိုစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေ ဆင်ခြင်ပြောင်းလဲသင့်ပါပြီ" ဟု ရပ်ကွက်နေ ပြည်သူတစ်ဦးက မှတ်ချက်ပြုသည်။

ထိုနေရာ ဖြတ်သန်းသွားလာလေ့ရှိသူတစ်ဦးကလည်း "ရေနုတ်မြောင်းဆိုတာ စွန့်ပစ်ရေနဲ့မိုးရေတွေ လမ်းမတွေပေါ်တက်မလာစေဖို့နဲ့ ရေစီးရေလာလွယ်ကူစေဖို့ ရေနုတ်မြောင်းတွေတူးပေးထားတာ အမှိုက်ပစ်ဖို့မှ မဟုတ်တာ။ ရေစီးဆင်းမှုမရှိတော့ ပတ်ဝန်းကျင်ကျန်းမာရေးထိခိုက်နိုင်တယ်။ ခြင်တွေ၊ ယင်တွေ ပေါက်ပွားနိုင်တယ်။ ဒီလိုစည်းကမ်းမဲ့ အမှိုက်ပစ်သူတွေကို သက်ဆိုင်ရာအဖွဲ့တွေက ဖော်ထုတ်ပြီး ပညာပေးစေချင်တယ်" ဟု ပြောသည်။

အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့် ရေမြောင်းတွင် အမှိုက်များပိတ်ဆို့နေသည်ကို ယခင်လ သတင်းမီဒီယာများတွင်လည်း ဖော်ပြခဲ့သည်ကို ဖတ်ရှုရပြီး ယခုအချိန်တွင်လည်း အမှိုက်များပြည့်လျက်ရှိနေကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**



# ဇီကာပိုင်းရပ်နှင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၂**

စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်ကာ မြို့နယ်အတွင်း ဇီကာဗိုင်းရပ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်စေနိုင်သည့် ခြင်ကျားများ မပြန့်ပွားစေရေးအတွက် စီမံချက်အနေဖြင့် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်တွင် ကျွန်းတော/တောင်ရပ်ကွက် ညောင်တုန်းလမ်း၌ လည်းကောင်း၊ မတ် ၉ ရက်တွင် မြေနီကုန်းတောင်ရပ်ကွက် ဗိုလ်မိုးလမ်း၌လည်းကောင်း ဇီကာဗိုင်းရပ် မပြန့်ပွားစေရေးနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအိမ်ထောင်စုများအား ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်းနှင့် ခြင်ဆေးမှုတ်ပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

မတ် ၁၂ ရက်တွင်လည်း စမ်းချောင်းတောင်ရပ်ကွက် မြင့်မိုလ်လမ်း အထက(၃)အနီးမှာ ဇီကာဗိုင်းရပ်နဲ့ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောသည်။

**(၁၉၇)**

■

ပြန်လည်ခံစား နှောင်းတစ်ခေတ်ရဲ့အနုပညာရှင်များ

# အကယ်ဒမီ တင်တင်နွဲ့

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

တကယ်တော့ လူ့ဘဝဆိုတာ ဘယ်ကလာလို့ ဘယ်ကိုပြန်ရမှန်းမသိတဲ့ ယောင်ချာချာဧည့်သည်တွေ ခေတ္တဆုံတွေ့ရာအရပ်ပါ။ ကံဆရာအလိုကျပေမို့ ဧည့်ချိန်စေ့က ရက်ရွှေ့မရ၊ အချိန်တန်လျှင် လူ့ဘုံလောကကြီးထဲက ပြန်လည်ထွက်ခွာကြရမည်က ဧကန်၊ အနေးနဲ့အမြန်သာကွာပါတယ်။ မရဏမင်းကို လွန်ဆန်နိုင်သူမရှိ၊ ဧည့်သည်လူသားတစ်ဦးဖြစ်တဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ တင်တင်နွဲ့(ခေါ်)ဒေါ်တင်တင်နွဲ့သည်လည်း မရဏမင်းကို လွန်ဆန်နိုင်ခြင်းငှာ မစွမ်းသာ၊ မကြာသေးမီ (၁၀.၁၁.၂၀၁၅)ရက်နေ့က လောကကြီးကို အပြီးအပိုင် ကျောခိုင်းသွားလေပြီ။

**အနုပညာရှင်ဘဝအစ**

အကယ်ဒမီတင်တင်နွဲ့ကို အဘ ဦးကျော်ရင်၊ အမိဒေါ်တင်ယုံတို့က (၉.၁၂.၁၉၄၄) စနေနေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသမီး အထက(၁)ကြည့်မြင်တိုင် (ဟုမ်းလမ်း)၌ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး ငယ်စဉ်ကတည်းက ရုပ်ရှင်သရုပ်ဆောင်များကို အားကျခဲ့သူ၊ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ချင်သူ၊ ရေငတ်တုန်းရေတွင်းထဲကျ၊ ဆန္ဒနှင့်ဘဝတစ်ထပ်တည်းကျခဲ့လေသည်။ ဇမ္ဗူအေးရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒေါ်မြင့်မြင့်နှင့် ဆက်စပ်မိပြီး ရုပ်ရှင်လောကထဲ ရောက်ရှိခဲ့သည်။ ကွယ်လွန်ချိန်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၄၃ ကား ရိုက်ကူးခဲ့ရာ ပထမဦးဆုံး ပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားမှာ ၁၉၆၃ ခုနှစ်က ဇမ္ဗူအေးရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာ ဦးချစ်ခင် ရိုက်ကူးသည့် "မြတ်"ဇာတ်ကားဖြစ်သည်။ အဆိုပါဇာတ်ကားတွင် အကယ်ဒမီဝင်းဦး၊ အကယ်ဒမီ မြင့်မြင့်ခင်၊ တေးသံရှင် ချစ်စံပယ်တို့နှင့် တွဲဖက် သရုပ်ဆောင်ခဲ့သည်။

**ပထမဆုံးအကယ်ဒမီ**

ထိုမှဆက်၍ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ စဉ်ဆက်မပြတ် ရိုက်ကူးခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဒါရိုက်တာ အကယ်ဒမီဦးသုခ၏ လက်ရာမြောက် ဇာတ်ကားတစ်ကားဖြစ်သော "ကျွန်မမှာ မိန်းမသား"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် အကယ်ဒမီထူးချွန်ဆုရရှိခဲ့သည်။ အကယ်ဒမီရသည့်နှစ်မှာပင် ခင်ပွန်းဖြစ်သူ ဦးသက်ထွန်းနှင့် လက်ထပ်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ရိုက်ကူးခဲ့ရာ နှလုံးအားနည်းသည့် ရောဂါခံရှိသည့်အတွက် ၁၉၇၈ ခုနှစ်ဝန်းကျင်ခန့်တွင် ရုပ်ရှင်ရိုက်ကူးခြင်းများကို ရပ်နားခဲ့လေသည်။

**လူမှုဆက်ဆံရေး**

ရုပ်ရှင်သက်တမ်းတစ်လျှောက် ဒါရိုက်တာပေါင်းများစွာဖြင့် တွဲဖက်ရိုက်ကူးခဲ့ရာ တွဲဖက်ရိုက်ကူးမှု အများဆုံး ဒါရိုက်တာမှာ ဆရာကြီး ဦးသုခဖြစ်သည်။ ဒေါ်တင်တင်နွဲ့သည် အပြင်မှာလည်း အနေအေးပြီး မာန်မာနမထား၊ ရုပ်ရှင်သမားအားလုံးဖြင့် ဆက်ဆံရေးအဆင်ပြေပြီး လူချစ်လူခင်ပေါသည်။ ခေတ်ပြိုင်မင်းသား၊မင်းသမီးများနှင့် မတွဲဘူးသူမရှိ။ ဝင်းဦး၊ ညွန့်ဝင်း၊ အောင်လွင်၊ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ ထွန်းဝေ၊ဇော်လွင်၊ စိန်မြင့်၊စိုးနိုင်၊ လင်းထင်၊ ဇော်လင်း၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနု၊ စံရှားတင်၊ တင်တင်ညို စသည့် သရုပ်ဆောင်များဖြင့် တွဲဖက်ရိုက်ကူးမှုများမှာ



အတွဲအဖက်အပေးအယူ အချိတ်အဆက်မိလှသည်။

**ထင်ပေါ်ကျော်ကြားဇာတ်ကားများ**

ဒေါ်တင်တင်နွဲ့ ပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားအများစုမှာ ပရိသတ်ရင်ထဲ စွဲငြိစေခဲ့သည်က များသည်။ လုပ်ပြောခြင်းမဟုတ်၊ ပင်ကိုသံမှာပင် ကရုဏာသံရောစွက်နေပြီး မြန်မာဆန်ဆန်ဝတ်စားဆင်ယင်လေ့ရှိရာ တည်ငြိမ်အေးဆေးသည့် ဟန်ပန်အမူအရာများကြောင့် ပရိသတ်အားပေးမှု အပြည့်အဝရရှိခဲ့သည်ဟု ဆိုရမည်။ ထင်ပေါ်ကျော်ကြားသော ဇာတ်ကားအချို့ကို ဖော်ပြရလျှင် မြတ်၊ စကားပြောသော အသည်းနှလုံး၊ ကျွန်မမှာ မိန်းမသား၊ နန်းတစ်လိမ်ပန်းတစ်လိမ်၊ချစ်သူရွှေးမယ် ချစ်ဝဲလယ်၊ မာယာထောင်ချောက်၊ စေတနာမှန် သောက်တရား၊ တောင်ပြာတန်းနှင့် ပန်းသဇင်၊ ရွှေတံခါးကြီးဖွင့်ပါဦး၊ မေတ္တာပုလဲသွယ်၊ ချစ်ဦးတိမ်ပန်းချီ၊ စွန့်စားခြင်းအတူတူ ဘယ်သူမြတ်သလဲ၊ အပြတ်မပြောနဲ့မချော၊ မိရွှေမာ၊ မာန်ဝင့်ချီ၊ မေတ္တာနဲ့သစ္စာ၊ ရှူးတယ်လို့ ဆိုချင်ဆို၊ လကွယ်မိုးနှောင်း၊ ဦးပေါင်းစင်းနှင့် မြင်းညိုရှင်၊ တယ်တည်င်နှင့် မောင့်မမငြိမ်း၊ နောက်ဆုံးရိုက်ကူးခဲ့သည့် ဇာတ်ကားမှာ ဒါရိုက်တာကိုငြိမ်းငြိမ်းရိုက်ကူးခဲ့သည့် "သက်လယ်" ဇာတ်ကားဖြစ်သည်။

**အသံမင်းသမီး**

ဒေါ်တင်တင်နွဲ့သည် ရုပ်ရှင်နယ်သာမက တစ်ချိန်က ကက်ဆက်တိတ်ခွေဇာတ်လမ်း တစ်ခေတ်ဆန်းချိန်တွင် အသံမင်းသမီးအဖြစ်လည်း လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားခဲ့သူဖြစ်သည်။ အသံဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သည့် ကက်ဆက်တိတ်ခွေဇာတ်လမ်းပေါင်းများစွာရှိသည့်အနက် ဒါရိုက်တာအကယ်ဒမီ ရွှေဒုံးဘီအောင်၏ "ဗိုလ်အောင်ဒင်" ရုပ်ရှင်ဇာတ်ကားကို ဂီတစာဆို မောင်ကြေးမုံက ကက်ဆက်တိတ်ခွေဇာတ်လမ်းအဖြစ် ပြန်လည်အသက်သွင်းဖန်တီးခဲ့ရာ ထိုအသံဇာတ်လမ်းသည် အအောင်မြင်ဆုံးသော ကက်ဆက်တိတ်ခွေဇာတ်လမ်းအဖြစ် သမိုင်းတွင်ကျန်ရစ်ခဲ့လေသည်။ ထိုဇာတ်လမ်းတွင် မင်းသား ခင်မောင်ရင်(ဗိုလ်အောင်ဒင်)၏ နေရာတွင် အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ မင်းသမီး မေမေဝင်း(မြမြ)နေရာတွင် အကယ်ဒမီတင်တင်နွဲ့၊ ကောလိပ်ဂျင်နေဝင်းကလည်း အပြောကောင်း အပြောပိုင်။ တင်တင်နွဲ့ကလည်း ကရုဏာသံလေးဖြင့် နွဲ့နွဲ့နှောင်းနှောင်း၊ အရှိုက်ထိအောင် ကောင်းလှသဖြင့်ပရိသတ်များအဖို့ ထပ်ခါထပ်ခါကြားရပြန်သော်လည်းနားဆင်ရမရိုးနိုင်၊ မြန်မာရုပ်ရှင်လောကတွင် သရုပ်ဆောင်ပေါင်းများစွာပေါ်ထွက်ခဲ့သော်လည်း ဒေါ်တင်တင်နွဲ့၏ သရုပ်ဆောင်ပုံများမှာ အများနှင့်မတူ တစ်မူထူးခြားနေသည်ဟု စာရေးသူ သတိထားမိသည်။

**ဘာသာတရား၌ မွေ့လျော်**

ဒေါ်တင်တင်နွဲ့၏ ရုပ်ရှင်ဇာတ်ကားထဲတွင် သရုပ်ဆောင်နေပုံများမှာ သရုပ်ဆောင်နေသည်နှင့်မတူ၊ သူ၏ ဟန်ပန်အမူအရာများမှာ ပြင်ပတွင် ပင်ကိုသဘာဝအတိုင်း ပြောဆိုနေသကဲ့သို့ပင် အပိုအလိုမရှိ။ မလိုအပ်ဘဲ တတ်တိုင်းလုပ်ပြနေသည့် အမူအရာများကို မတွေ့ရ၊ ခင်ပွန်းဖြစ်သူ ဦးသက်ထွန်း (ဝဏ္ဏကျော်ထင် ဦးသက်ထွန်း BA.BL (Advocate) Dip in France.နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး(ငြိမ်း)၏ ပြောပြချက်အရ ဒေါ်တင်တင်နွဲ့သည် အိမ်မှာနေလည်း အနေအေးပြီး စကားနည်းသည်။ ဘာသာတရား၌ မွေ့လျော်ပြီး အချိန်ရှိသရွေ့ တရားတိပ်ခွေများဖွင့်ကာ တရားနာခြင်း၊ ပုတီးစိပ်၊တရားထိုင်ခြင်းတို့ဖြင့် ငြိမ်းအေးရာ အမှန်ကိုရှာဖွေနေသောသူဟု သိရသည်။

**မီးစာကုန်ဆီခန်း**

ဒေါ်တင်တင်နွဲ့သည် နှလုံးအားနည်းသည့် ရောဂါအခံရှိသည့်အတွက် လူ့လောကဝယ် နေထိုင်ခွင့်ရနိုင်သမျှရရေး ခင်ပွန်းဖြစ်သူက အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bumrungrad (International) ဆေးရုံကြီးသို့ ၁၃ ခေါက် ပြေးခဲ့ရကြောင်း သိရ၏။ ခင်ပွန်းသည်၏ ပြုစုစောင့်ရှောက်ပေးမှု အရာထင်ခဲ့ရာ ဒေါ်တင်တင်နွဲ့သည် မီးစာကုန်ဆီခန်းအသက် (၇၁)နှစ်အထိ နေထိုင်ခဲ့ရပြီး ခင်ပွန်းဖြစ်သူ ဦးသက်ထွန်းနှင့် မောင်ဇာနည်ဝင်းထွန်း၊ မောင်စိုးသူရထွန်း သားနှစ်ယောက်ထွန်းကားခဲ့ရာ သားကြီး မောင်ဇာနည်ဝင်းထွန်းမှာ မိခင်ထက်စော၍ (၂၀၀၉) ခုနှစ်ကတည်းက ကွယ်လွန်သွားခဲ့သည်။ ဒေါ်တင်တင်နွဲ့ကွယ်လွန်ချိန်တွင် ခင်ပွန်းဖြစ်သူ ဦးသက်ထွန်းနှင့်သား မောင်စိုးသူရထွန်းတို့ ကျန်ရှိခဲ့သည်။

ပြည်သူချစ်သော၊ ရုပ်ရှင်လောကအတွက် အကျိုးပြုဖြစ်စေခဲ့သော အကယ်ဒမီဒေါ်တင်တင်နွဲ့၏ အနုပညာကို လေးစားဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်အနုပညာသည်ဆု (၂၀၁၃)ကို ချီးမြှင့်ခဲ့သည်။ တရားသဘောကို အစဉ်ရှုမှတ်လေ့ရှိပြီး အေးချမ်းရာအမှန်ကို လိုလားသည့် ဒေါ်တင်တင်နွဲ့တစ်ယောက် ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေ။

■

## ဇေမာလိခ်၏ တေးသီချင်းသစ်တစ်ပုဒ် ထုတ်လွှင့်

ဗြိတိန်နာမည်ကျော် ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ နုတ်ထွက်သွားခဲ့တဲ့ အဆိုတော် ဇေမာလိခ်က သူ့ရဲ့တေးသီချင်းသစ် "Like I Would"ကို မကြာသေးမီက ဗီဗိုဝက်ဘ်ဆိုက်ကနေတစ်ဆင့် စတင်ထုတ်



လွှင့်ခဲ့ကြောင်း ယူပီအိုင်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးသီချင်းဟာ ဇေရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ် "Mind of Mine"မှာ ပါဝင်မယ့်တေးသီချင်းဖြစ်ပြီး လတ်တလောအချိန်အထိ အဆိုပါ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်း ၃ပုဒ် ထုတ်လွှင့်ခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

ယခုထုတ်လွှင့်ခဲ့တဲ့တေးသီချင်းအပြင် ယခင်ထုတ်လွှင့်ခဲ့တဲ့သီချင်းနှစ်ပုဒ်ကတော့ "It's You"နဲ့ "Pillowtalk"တို့ဖြစ်ကြပြီး ဒုတိယမြောက်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Pillowtalk"မှာတော့ ဇေကသူ့ရဲ့ချစ်သူ ဂီဂီဟာဒစ်နဲ့ တွဲဖက်သရုပ်ဆောင်ထားတာတွေ့ရပါတယ်။

လတ်တလောမှာ ဇေဟာ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဂီဂီဟာဒစ်နဲ့ ချစ်သူတွေအဖြစ် တွဲနေကြပါတယ်။ ဇေဟာ ယခင်က အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ "Little Mix"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပါရီအက်ဒ်ဝက်စ်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မေလအတွင်းမှာ ပါရီက သူနဲ့ ဇေတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ကာ ချစ်သူသက်တမ်းတစ်နှစ်အကြာ ၂၀၁၃ ခုနှစ်အတွင်းမှာ နှစ်ဦးသားတရားဝင်စေ့စပ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅ နှစ်လယ်ပိုင်းလောက်မှာ ဇေဘက်က စတင်ပြီး ပါရီကိုလမ်းခွဲစကားဆိုခဲ့ကာ အဲဒီနောက်မှာတော့ နှစ်ဦးသားကြားက ဆက်ဆံရေးဟာလည်း ပြီးဆုံးခဲ့ပါတယ်။

ဇေဟာ " One Direction "ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်နေစဉ်အတွင်းမှာပဲ တေးသီချင်းတွေကို သူ့တစ်ယောက်တည်းသီးသန့်အနေနဲ့ စိတ်ကြိုက်ဖန်တီးလိုတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အဖွဲ့ကနေ ရုတ်တရက်နုတ်ထွက်ခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့်-ရေးသားသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃ - ၃ - ၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -တေးဂီတအစီအစဉ်
- ၆း၃၀ ဆရာကြီးမင်းသုဝဏ် အစီအစဉ် (အပိုင်း-၂)
- ၇း၀၀ တေးဂီတအစီအစဉ်
- ၇း၃၀ နိုင်ငံခြားရုပ်ရှင် "The Italian Job"
- ၉း၃၀ မြန်မာ့ရုပ်ရှင် "မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍" (လွင်မိုး၊ ထွန်းအိန္ဒြာဗို)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

*(ည ၁၀း၃၀) - Live : English Premier League "Aston Villa Vs Tottenham"

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ဘဝကိုဆောင် အလင်းရောင်" တရားတော်(ဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)
- ၈း၀၀ Cartoon Series (Welcome To Sky ville)
- ၈း၄၀ Cartoon View
- ၉း၀၅ Weekly Sports Diary
- ၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၉)
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၅+၄၆)
- ၂း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" (အမှောင်ဖုံးသွားသော ကောင်းကင်ပြာ (အပိုင်း-၂)
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (ဇာတ်သိမ်းပိုင်း)
- ၃း၅၀ ၂၀၁၄ ခုနှစ်ရုံတင်ဇာတ်ကားများအား ပြန်လည်ခံစားခြင်း
- ၅း၃၅ ရန်ကုန်မြင်ကွင်းကျယ်(Fotified Rice Launching Ceremony)
- ၅း၄၅ ပရိမီယာ ချစ်သူများရဲ့ရင်ခုန်သံ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁)
- ၇း၃၀ Fashion Week
- ၇း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" (အမှောင်ဖုံး သွားသော ကောင်းကင်ပြာ (အပိုင်း-၃)
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၀)
- ၉း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၇+၄၈)
- ၃း၂၅ စိတ်၏ကကြိုး
- ၄း၅၀ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ (ခနုဖြူမြို့သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး)

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၀ မှတ်တမ်း
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၃၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၀၈ မျိုးချစ်တပ်မတော်
- ၁၁း၁၅ Lucky Door
- ၁၁း၅၀ တစ်ပတ်အတွင်းပြည်တွင်းသတင်း
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆည်းဆာအခါနေခြည်ဖြာစေ
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၄၃)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၀၉ မျိုးချစ်တပ်မတော်
- ၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ရွှေရောင်သက်တံများ အပိုင်း(၃၈)
  - - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - - ပဟေဠိနန်းတော်
  - - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - - (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အစီအစဉ်
  - အပြာရောင်သစ္စာ (ဇာတ်သိမ်းပိုင်း) ရီဝေယံ၊ဘုန်းနိုင်၊မြတ်သစ်၊ ညီကျော်၊ မြပွင့်ဖြူနှင့် သရုပ်ဆောင်များ ဒါရိုက်တာ သက်တင်

### mitv

- 07:26 Writer, Philanthropist: Daw Than Myint Aung (Part - I)
- 07:53 Graffiti: Portraiture
- 08:26 Wonderful Indonesia
- 08:52 Lines and Wash Painting
- 09:26 Cruising To Precious Islands (Part-2)
- 09:47 Amazing "Sayargyi Nyein Chan Aung"
- 10:26 Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-2) Student Life & Early Literary Career
- 10:50 Myanmar Charitable Labour Association
- 07:26 Karaweik Palace- A Symbol Of Glorious Myanma Culture
- 07:42 Today Myanmar "Eli Niño Phenomenon & Fire Prevention"
- 08:26 The Stories Of The Great Souls (Mar Mar Aye) (EP-2)

## အီဘရာဟီမိုဗစ်ချ်အား ခေါ်ယူရန် မန်ယူစီစဉ်နေ



အသက်(၃၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် လက်ရှိပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက တိုက်စစ်ပိုင်းအားဖြည့်ရန်နှင့် တိုက်စစ်မှူးမာရှယ်လ်အား အထောက်အပံ့ဖြစ်စေရန် တိုက်စစ်မှူးအီဘရာဟီမိုဗစ်ချ်အား ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား တရုတ်ကလပ်အသင်းများနှင့် အမေရိကန်ကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိနေသော်လည်း အီဘရာဟီမိုဗစ်ချ်အနေဖြင့် ပီအက်စ်ဂျီအသင်း၌ ဆက်ရှိမည်လား၊ အခြားကလပ်အသင်းသို့ ပြောင်းရွှေ့ကစားမည်လား ဆိုသည်နှင့်စပ်လျဉ်း၍ ပြောကြားထားခြင်းမရှိသေးပေ။

လက်ရှိတွင်မူ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိပြီး မန်ယူအသင်း၏ တိုက်စစ်ပိုင်းတွင် အန်ထော်နီမာရှယ်၊ ရက်ရှ်ဖို့ဒ်တို့နှင့်အတူ မြင်တွေ့ရလိမ့်မည်ဟုလည်း သတင်းများက ဖော်ပြသည်။

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းကလည်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား ဆန်စီရိုသို့ ပြန်လည်ခေါ်ယူရန်ဆန္ဒရှိနေပြီး အီဘရာဟီမိုဗစ်ချ်၏ ပီအက်စ်ဂျီအသင်းဖော်များကလည်း ပီအက်စ်ဂျီအသင်းနှင့် အီဘရာဟီမိုဗစ်ချ်တို့ စာချုပ်သက်တမ်း ထပ်တိုးချုပ်ဆိုရန် မျှော်လင့်ထားကြသည်။ **(ငွေကြယ်)**

## ချယ်လ်ဆီးနည်းပြတာဝန်ယူပါက နွေရာသီတွင် ကစားသမားငါးဦးခေါ်ယူမည်ဟု ကွန်တီဆို

အီတလီနည်းပြချုပ် အန်တိုနီယိုကွန်တီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ချယ်လ်ဆီးအသင်း၏ လက်ရှိနည်းပြ ဟစ်ဒင့်နေရာတွင် အစားထိုးနည်းပြအဖြစ်ပြောင်းလဲတာဝန်ယူမည်ဖြစ်ရာ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့ပါက နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားငါးဦးအထိခေါ်ယူနိုင်ရန်အတွက်



ငွေကြေးသုံးစွဲခွင့် အလုံအလောက်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

နည်းပြကွန်တီသည် ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်အဆင့်(၄) စာရင်းဝင်ရန် မျှော်လင့်ထားခြင်းကြောင့် ဘယ်နောက်ခံကစားသမားတစ်ဦး၊ ဗဟိုကွင်းလယ်ကစားသမားတစ်ဦး၊ တိုက်စစ်မှူးတစ်ဦးနှင့် ဗဟိုခံစစ်မှူးနှစ်ဦးတို့ကို ခေါ်ယူရမည်ဟု ယုံကြည်ထားသူဖြစ်သည်။

နည်းပြကွန်တီခေါ်ယူလိုသည့် ကစားသမားများထဲတွင် အီတလီ စီးရီးအေကလပ် ရိုးမားအသင်းမှ နိုင်ဂိုလန်နှင့် မီရာလန်ပီဂျာနစ်နှင့် ပီအက်စ်ဂျီ တိုက်စစ်မှူး ကာဗာနီတို့ပါဝင်နေသည်။ ကွန်တီသည် လက်ရှိတွင် ချယ်လ်ဆီးအသင်း နည်းပြအဖြစ်တာဝန်ယူကိုင်တွယ်ရန် ချယ်လ်ဆီးအသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရေး သဘောတူညီထားပြီး ချယ်လ်ဆီးအသင်း၏ ဘောလုံးအကယ်ဒမီမှ လူငယ်ကစားသမားများ တိုးတက်မှုရှိလာရန်တောင်းဆိုထားမှုကိုလည်း သဘောတူညီထားကြောင်း သိရသည်။ **(ငွေကြယ်)**

**တိုတို ထွာထွာ အားကစား ရေးရာ**

- မန်ယူနည်းပြရာထူးအတွက် ကမ်းလှမ်းခံခဲ့ရလျှင် ၎င်းအနေဖြင့် လက်ခံရန်အသင့်ရှိကြောင်း ယခင်အီတလီကွင်းလယ်ကစားသမားဟောင်း ဂတ်တူဆိုက ဆိုခဲ့သည်။
- အာရွှန်ရမ်ဆေးသည် ပေါင်ဒဏ်ရာကြောင့် အနည်းဆုံးလေးပတ်ခန့်အနားယူရတော့မည်ဖြစ်ကြောင်း နည်းပြဝင်းဂါးကအာဆင်နယ်ကလပ်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းသည် နည်းပြမက္ကလာရင်အား ထုတ်ပယ်ကာ နည်းပြ ဘင်နီတက်ဇ်အား အစားထိုးခန့်အပ်လိုက်ပြီဖြစ်သည်။

## ကံဆိုးခဲ့တာလား မာရီယာရှာရာပိုဗာ





ဒီတစ်ပတ်အားကစားလောကမှာ စိတ်ဝင်စားမှုအများဆုံး အကြောင်းအရာကတော့ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ ဩစတြေးလျအိုးပင်းမှာ ဆေးစစ်မှုမအောင်မြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ သတင်းပါပဲ။ ပြီးခဲ့တဲ့ မတ် ၈ ရက်က ရှာရာပိုဗာဟာ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ရှိ လော့စ်အိန်ဂျလိစ်ဟိုတယ်မှာ မီဒီယာတွေကို ဖိတ်ကြားပြီး အသိပေးခဲ့တာဖြစ်ပါတယ်။ ရှာရာပိုဗာဟာ အမည်းရောင် ဝတ်စုံ၊ ဖျော့တော့တဲ့မျက်နှာသွင်ပြင်၊ အလှပဆုံးစကားလုံးတွေကို ဂရုတစိုက်ရွေးချယ်ပြီး ဒီအကြောင်းအရာကို အသိပေးခဲ့တာဖြစ်ပါတယ်။

ရှာရာပိုဗာက "ကျွန်မအနေနဲ့ အားလုံးကို အသိပေးစရာလေးရှိပါတယ်။ ပုဂ္ဂိုလ်ရေးကိစ္စရပ်ပဲဆိုဆို၊ စဉ်းစားစရာအချက်တစ်ခုလို့ပဲတွေးတွေး ကျွန်မအနေနဲ့ အခုလိုပြောပြဖို့ ဖြစ်လာခဲ့ပါပြီ" လို့အစချီပြီး စကားလုံးတိုင်းကို အလှပဆုံးနဲ့ အသိမ်မွေ့ဆုံးဖြစ်အောင်ရွေးချယ်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ ရှာရာပိုဗာက သူဟာ အိပ်မပျော်တတ်တဲ့ အလေ့အထကြောင့် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မီဒရွန်းနိတ်ဆိုတဲ့ဆေးကို သောက်သုံးနေခဲ့ရတာဖြစ်ပြီး ဒီဆေးဟာ မယ်လ်ဒိုးနီးယန်းလို့ အခြားအမည်ရတဲ့ ဆေးဖြစ်တယ်ဆိုတာ နောက်မှသိခဲ့ရတယ်လို့ ဆိုပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ကစားသမားများ တားမြစ်ဆေးသုံးစွဲမှု တိုက်ဖျက်ရေးအေဂျင်စီ(Wada) က မယ်လ်ဒိုးနီးယန်းကို အရင်က တားမြစ်ဆေးစာရင်းမှာ ထည့်သွင်းခြင်းမပြုခဲ့ပေမယ့် ၂၀၁၅ခုနှစ် ဂျာမနီနိုင်ငံကိုလုံးမြို့ Wada စောင့်ကြည့်ရေးအဖွဲ့ရဲ့ တွေ့ရှိချက်အရ မယ်လ်ဒိုးနီးယန်းမှာ တားမြစ်ဆေးပမာဏ ၂ ဒသမ ၂ ရာခိုင်နှုန်း တောင်ပါဝင်နေလို့ ဒီစာရင်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ မယ်လ်ဒိုးနီးယန်းဆေးကို လတ်ဗီးယားနိုင်ငံက ၂၀၀၀ ပြည့်နှစ်အလွန်ကာလမှာ နှလုံးရောဂါနဲ့ ဆီးချိုရောဂါသမားတွေအတွက် ရည်ရွယ်ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ မယ်လ်ဒိုးနီးယန်းဆေးက အခန့်မသင့်ရင် ခေါင်းကိုက်တာ၊ ကြွက်သားနာကျင်တာတွေဖြစ်နိုင်ပေမယ့် ဒါကလည်း သုံးစွဲမှုပမာဏ တအားများသွားတဲ့ အခါမျိုးမှသာ ဖြစ်နိုင်တာဖြစ်ပါတယ်။ ဒီဆေးက ဝင်ငွေကောင်းတဲ့ကစားသမားတွေအတွက် နှလုံးအားကောင်းဖို့ဆိုတဲ့ အကြောင်းပြချက်သုံးစွဲနေတဲ့ဆေးဖြစ်တာကြောင့် ရှာရာပိုဗာပဲ ကံဆိုးခဲ့တယ်လို့ ဆိုရမလား။ ၂၀၁၅ခုနှစ်အတွင်း ဥရောပတိုက်တစ်ခုထဲမှာပဲ အားကစားနယ်ပယ်စုံမှ ကစားသမား ၄၉၀ လောက်အထိ မယ်လ်ဒိုးနီးယန်းဆေးသုံးစွဲပြီး ပြိုင်ပွဲဝင်ခဲ့ကြတယ်လို့ ဗြိတိန်ဆေးပညာမဂ္ဂဇင်းတစ်ခုက ဖော်ပြပါတယ်။

ရှာရာပိုဗာကတော့ သူ့ကို ကစားခွင့်လေးနှစ်လောက်အထိ ပိတ်ပင်ဖို့စီစဉ်နေတဲ့ တင်းနစ်အဖွဲ့ချုပ်ရဲ့ လုပ်ရပ်တွေက "အရုပ်ဆိုးလွန်းတယ်၊ ပုံကြီးချဲ့လွန်းတယ်" လို့ ဖေ့စ်ဘွတ်စာမျက်နှာပေါ်က တစ်ဆင့် ဝေဖန်ခဲ့ပါတယ်။ ဒါ့အပြင် သူက မယ်လ်ဒိုးနီးယန်းဆေးကို နေ့တိုင်းသုံးစွဲခဲ့တယ်ဆိုတဲ့ အချက်ကို ငြင်းဆန်ခဲ့သလို တင်းနစ်အဖွဲ့ချုပ်အနေနဲ့ ပြစ်ဒဏ်မချမှတ်မီသတိပေးမှု ငါးကြိမ်ပြုလုပ်ဖို့ ပျက်ကွက်ခဲ့တာကိုလည်း ထောက်ပြပါတယ်။ သူကတော့ မယ်လ်ဒိုးနီးယန်းကို နှလုံးဆေးတစ်မျိုးအဖြစ်သာ သိထားပြီး ဆရာဝန်ညွှန်ကြားချက်အတိုင်းသာ သောက်သုံးခဲ့တာလို့ ပြန်လည်ရှင်းချက်ပေးထားပါတယ်။သူက "ဆေးအညွှန်းမှာကိုက ကုထုံးအနေဖြင့် လိုအပ်လာလျှင် တစ်နှစ်တွင် နှစ်ကြိမ်၊ သုံးကြိမ်အထိ သုံးစွဲနိုင်ပြီး ဆရာဝန်များ၏ ညွှန်ကြားချက်အရ သုံးစွဲနိုင်သည်လို့ ပါထားတယ်လေ။ ဒါကြောင့် ကျွန်မ နေ့တိုင်း သုံးစွဲခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်က ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ" လို့ ဆိုပါတယ်။

Wada က မယ်လ်ဒိုးနီးယန်းကို တားမြစ်ဆေးစာရင်းမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ရောက်မှသာ အတည်ပြုစတင်ထည့်သွင်းခဲ့ပေမယ့် ၂၀၁၅ စက်တင်ဘာလကတည်းက "မယ်လ်ဒိုးနီးယန်း (မီဒရွန်းနိတ်)ဆေးသည် ကစားသမားများ၏ စွမ်းရည်တိုးပွားမှုကို များစွာထောက်ပံ့ပေးသဖြင့် တားမြစ်ဆေးစာရင်း၌ထပ်မံထည့်သွင်းသွားမည်ဖြစ်သည်"လို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။

အခုဆို "မီဒရွန်းနိတ်"ကို "ရှာရာပိုနိတ်"ဆိုပြီး အားကစားလောကမှာ အမည်ပြောင်ပေးလာတဲ့အထိ ဖြစ်လာခဲ့ပါပြီ။ ရှာရာပိုဗာဟာ ချောမောတဲ့ ရုပ်ရည်ကြောင့် အားကစားမယ်တွေထဲမှာ ပုံရိပ်လွှာအသုံးပြုခ အမြင့်ဆုံးကြေးရနေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆေးစစ်မှုမအောင်မြင်ခဲ့ဘူးလို့ ဝန်ခံအပြီးမှာတော့ ရှာရာပိုဗာကို ထောက်ပံ့ပေးနေတဲ့ ကုမ္ပဏီအမြောက်အမြားက စပွန်ဆာကိစ္စရပ်တွေကို ရပ်ဆိုင်းလိုက်သလို အားကစားလောကမှာ ကျင်လည်နေသူတွေကလည်း ဝေဖန်မှုတွေ၊ ထင်မြင်ချက်တွေ တောက်လျှောက်ပေးနေခဲ့လို့ ရှာရာပိုဗာအတွက် ခါးသီးစရာ နေ့ရက်တွေကို ဖြတ်သန်းနေရပါတယ်။ ကစားခွင့်လေးနှစ်အထိ ပိတ်ပင်ခံရဖို့ ရှိနေပြီး ဒီပြစ်ဒဏ်က မတ် ၁၂ ရက်ကနေစပြီး စတင်သက်ရောက်တော့မှာ ဖြစ်ပါတယ်။ သူဟာ ဒီလိုဖြစ်ရပ်မျိုးနဲ့ ကစားသမားဘဝကို နှုတ်ဆက်သွားမှာမဟုတ်ဘူးလို့ ဆိုခဲ့တာကြောင့် ရှာရာပိုဗာဟာ ခက်ခဲမှုတွေကို အောင်အောင်မြင်မြင်ဖြတ်ကျော်ဖို့ လိုလောက်တဲ့ သတ္တိတော့မွေးမြူရတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ် အတွင်း ရုရှားကစားသမား ၄၃၁၆ ဦး အနက် ၇၂၄ ဦးခန့်ဟာ မယ်လ်ဒိုးနီးယန်းဆေး သုံးစွဲခဲ့တယ်လို့ သိရပါတယ်။ဒါ့ကြောင့် အခုလို ကာလကြာရှည် ပွဲပယ်ပြစ်ဒဏ် ကျခံရဖွယ်ရှိနေတဲ့ ရှာရာပိုဗာတစ်ယောက်သာ ကွက်ကျားကံဆိုးခဲ့သလားဆိုတာ. . .။

**မေလွဲ့သင်း-ရေးသားသည်**

## မတ် ၁၃/၁၄ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် (ပွဲစဉ်-၃၀)**

| | |
|---|---|
| ဗီလာ - စပါး | ည-၁၀း၃၀ |

- In the first phase, BIDV Branch firstly focus on financial products and services to serve foreign enterprises (major customers: Vietnamese investment to Myanmar businesses), Myanmar local banks and local enterprises (based on partnership with Myanmar local banks).

- Depends on the door-opening roadmap and regulations of Myanmar, BIDV Myanmar branch will continue to implement modern banking services according to the demand of local customers.

***For further information, please contact:***

Joint Stock Commercial Bank for Investment and Development of Vietnam (BIDV)Branding and Public RelationsTel: +84.4.22205256;BIDV Representative Office in MyanmarTel: +95-1 553896/551521;For further information, please visit: www.bidv.com.vn

**GOLDEN STAR** ခရီးသွားလုပ်ငန်း
✦ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**ရွှေပင့်ကူ**
မန္တလေး၊မုံရွာ၊စစ်ကိုင်း၊အလောင်းတော်ကဿပ- ၄၅၀၀၀
မန်းရွှေစက်တော်၊ ၂ညအိပ်၃ရက် - (စားပြီး) ၃၅၀၀၀
မြတ်မော်တင်စွန်း၊ ၁ညအိပ် ၂ရက် (စားတည်းပြီး) ၃၅၀၀၀
Mar ၁၈ ထွက်မည်။
၀၉-၇၃၁၃၀၁၃၄၆၊ ၀၉-၄၂၈၂၀၀၄၇၊ ၀၉-၄၅၀၂၆၃၃၉

**သင်္ကြန်သုခ** ၏ သင်္ကြန်ခရီးစဉ်များ
A. ထားဝယ်-ရွှင်ကိုးရွှင်၊ ထီးခီး(မြန်မာ) APR 11 ၄ ၂ သိန်း
B. ထားဝယ်နယ်စပ်-ထီးခီးနှင့်ကချွား-မြန်မာ APR 10 ၂.၅ သိန်း
တိုက်(၂)၊ အခန်း ၂၀၆ မြိုင်ဟေဝန်အိမ်ယာ ၈-မိုင်၊ မရမ်းကုန်း။
09 - 423 743 233
09 - 4210 14 940




YANGON TO JEJU- DIRECT FLY... တို့ဒီနဲ့ GO ပြီ

- ကိုရီးယား(9D/8N) April-12~20 USD-2100
- ဩစတြေးလျ(10D/9N) April-12~21 USD-4200
- ဥရောပ (14D/13N) April-12~25 USD-4400
- ဂျပန် (9D/8N) USD-2800 April-12~20
- ဒူဘိုင်း USD-1950 April-11~16 (6D/5N)
- ကမ္ဘောဒီးယား + ဗီယက်နမ်(8D/7N) April-12~19 USD-1280
- ဗီယက်နမ် (6D/5N) April-11~16 USD-850
- ရန်ကုန် – ပင်ကောက်(6D/5N) April-13~18 USD-650
- မန္တလေး – ပင်ကောက်(6D/5N) April-13~18 USD-800
- ကူမင်း – လီကျင်း – ရှန်ဟိုင်း(8D/7N) April-11~18 USD-1650
- မကာအို – ဟောင်ကောင် (6D/5N) April-10~15 USD-1400
- ကွမ်ကျိုး – မကာအို – ဟောင်ကောင် (8D/7N)April-12~19 USD-1600
- ဖူးခက် + ပင်ကောက်(6D/5N) April-11~16 USD-880
- ရန်ကုန် – စင်ကာပူ(5D/4N) April-12~16 USD-990
- မန္တလေး – စင်ကာပူ(5D/4N) April-12~16 USD-1150
- ဘာလီ + စင်ကာပူ(8D/7N) April-11~18 USD-1500
- စင်ကာပူ+မလေးရှား(7D/6N) April-11~17 USD-1350

သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ...

အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734, Viber - 09779999146, 09779999147

**OD TOUR** Since 1997
Oriental Dragon Travels & Tours Co.,Ltd.
✦ တောင်ကြီး၊အင်းလေး၊ပင်းတယ (၄ည/၅ရက်) Mar.18 Apr.11,12.13.18
✦ တောင်ကြီး+ပုဂံ Apr.12 (၅ည/၆ရက်)(တောင်ကြီး၊အင်းလေး၊ပုဂံ)
✦ တောင်ကြီး၊လွိုင်ကော် Apr.11,12.18 (၅ည/၆ရက်)(တောင်ကြီး၊အင်းလေး၊တောင်ကွဲစေတီ)
✦ တောင်ကြီး+မန္တလေး Apr.12 (၅ည/၆ရက်)(တောင်ကြီး၊အင်းလေး၊ပင်းတယ၊မန္တလေး၊ပြင်ဦးလွင်)
✦ မူဆယ်+ရွှေလီ Apr.11 (၆ည/၇ရက်)(မန္တလေး၊မေမြို့၊လားရှိုး၊မူဆယ်၊ရွှေလီ)
✦ အလောင်းတော်ကဿပ Apr.11,12 (၅ည/၆ရက်)(မန္တလေး၊မုံရွာ၊စစ်ကိုင်း၊ပြင်ဦးလွင်)
✦ ပုဂံ+မန္တလေး(၅ည/၆ရက်) Apr.12 (မန္တလေး၊ကျောက်စိမ်းဘုရား၊ပြင်ဦးလွင်၊ပုဂံ၊စွယ်တော်လေးဆူ)
✦ ပုဂံ+ရွှေစက်တော်(၅ည/၆ရက်) Apr.11
✦ ပုဂံသီးသန့်(၄ည/၅ရက်) Apr.12
✦ မန္တလေး၊ပြင်ဦးလွင်(၄ည/၅ရက်) Apr.12
✦ ထားဝယ်(ဘုတ်ကျွန်း) Apr.13.18
N0.52, Kyun Taw Street, Sanchaung Tsp, / Ph: 01-536 855, 504 808, 523 187,09-5108087, 09-5187045
Email: odtravels@gmail.com, www.facebook.com/ODTour

**ရွှေကျိုက်ထီးရိုး**
ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 09-450 450 192

**Golden City** Travel
ချောင်းသာ = (စား/တည်း-ပြီး) (½)= 35000/-(2/3)=45000/- (နေ့စဉ်)
တောင်ကြီး၊အင်းလေး၊ပင်းတယ
55000/-(စား/တည်း-ပြီး)Mar-11,18,25,April-11
09-450765726,09-781076743

**PPT Travels**
မော်တင်စွန်း - 35000
(ထမင်းကျွေး/တည်းခိုးခန်းခပြီး)
Ph:09-252606649
09-450623655

ကိုကျော်နိုင် **CAR RENTAL**
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARDကားသစ်ကြီးများဖြင့် ဝန်ဆောင်မှုပေးပါသည်။ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09 253582510, 09 5158803



**FORWARD** YGN
RENT A CAR
(ဘားအံ-ကျုံထော်နေ့ချင်းပြန်ခရီးစဉ်)
March (22,25) ည ၁၀ နာရီထွက်မည်
ကော့ကသောင်ဂူ၊ရွှေရင်မျှော်ဘုရား၊ကျောက်ကလာပ်၊ ဖွဲကပင်တောင် (လုမ္ဗနီဥယျာဉ်)၊ဆဒ္ဒန်ဂူ၊
၁၀ ဦး + ၁ ဦး (လက်ဆောင်) 35,000
နံနက်စာ၊နေ့လည်စာ၊ညစာ၊
Service Guide၊အဆင့်မြင့်Air-Con Bus
09-259259180, 09-259259182, 09-5089800

မီးနှင့်တွဲဖက်ဘေးအန္တရာယ်များအာမခံ (Fire & Allied Perils Insurance)

"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"

IKBZ Insurance

သင်တန်ဖိုးထားရသောပိုင်ဆိုင်ပစ္စည်းများဖြစ်သည့်အဆောက်အဦ၊ စက်ပစ္စည်းများ၊ ကုန်ပစ္စည်းများ ပရိဘောဂစသည်တို့အတွက် IKBZ မှအကာအကွယ်ပေးလျက်ရှိပါသည်။

IKBZ ၏မီးအာမခံဖြင့် သင့်ပိုင်ဆိုင်ပစ္စည်းများအတွက် စိတ်ချနိုင်ပါပြီ။



**အခြေခံအကာအကွယ်များ**
(၁)မီးလောင်ကျွမ်းမှု၊ (၂)မိုးကြိုးပစ်ခြင်း၊ (၃)အိမ်သုံးဓါတ်ငွေ့ပေါက်ကွဲမှု၊ (၄)မီးငြိမ်းသတ်ခြင်းကြောင့်ပျက်စီးခြင်း၊

**အပိုအန္တရာယ်အကာအကွယ်များ**
(၁)အဓိကရုဏ်း၊ သပိတ်မှောက်ခြင်းနှင့်မသမာဖျက်ဆီးမှုများ၊ (၂)လေယာဉ်ဖြင့် ထိခိုက်ပျက်စီးမှု၊ (၃)ကုန်းလမ်းသွားယာဉ်ဖြင့် ထိခိုက်ပျက်စီးမှု၊ (၄)မြေကျွံ၊မြေပြိုမှု၊ (၅)မြေလျှင်မီး၊ မီးအပါအဝင် လျှင်ကြောင့်ပြိုအက်ပျက်စီးမှု၊ (၆)ပေါက်ကွဲပျက်စီးမှု၊ (၇)အလိုအလျောက်မီးစွဲလောင်မှု၊ (၈)လေပြင်းမုန်တိုင်းအမျိုးမျိုး၊ (၉)ရေကြီးမှု၊ရေလျှံမှု၊ (၁၀)ဖောက်ထွင်းခိုးယူမှု၊ (၁၁)စစ်ဘေးအန္တရာယ်၊



**ပရီမီယံနှုန်း**
အဆောက်အဦအတန်းအစား၊ အသုံးပြုပုံနှင့် ပတ်ဝန်းကျင်တို့ပေါ်မူတည်၍အနိမ့်ဆုံး ၀.၁၃% မှ အမြင့်ဆုံး ၃.၅%အထိ

**အာမခံသက်တမ်း**
(၁၀) ရက်မှ (၁) နှစ်အထိ

**လျော်ကြေးမဲ့ဆု**
အာမခံသက်တမ်းအတွင်း လျော်ကြေးတောင်းခံမှုမရှိခဲ့လျှင် နောင်နှစ်တွင် ပရီမီယံကြေး၏ ၂၅% ကို လျှော့ပေးသည့်ဆုကြေးအဖြစ် ခံစားခွင့်ရှိပါသည်။

အမှတ်(၅၃)Strand Square၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့်၊ ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။ PH : 01-2307000, 378842 Fax : 01-2307128

Hot Line No-0930500100

# အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စုများ ထွက်ပေါ်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ အိမ်ရှင် မြန်မာအမျိုးသမီးအသင်းမှာ ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်း နည်းပြဟောင်း ရော်ဂျာကို ခန့်အပ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအသင်းမှာ အဆိုပါ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သော်လည်း အုပ်စုကျပ်အတွင်း ကျရောက်ခဲ့ပြီး အာရှထိပ်သီးအသင်းများနှင့် တွေ့ဆုံလျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စု(ခ)တွင် နာမည်ကြီး ဩစတြေးလျအသင်း၊ မလေးရှားအသင်း၊ အခြားဖိတ်ကြားခံအသင်းတို့နှင့်အတူ ပါဝင်လျက်ရှိသည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် နှစ်စဉ်အာရှဒေသတွင်းမှ အသင်းတစ်သင်းကို ဖိတ်ကြားလေ့ရှိပြီး ယခုနှစ်အတွက် ဂျပန်၊ တရုတ် (တိုင်ပေ)နှင့် တောင်ကိုရီးယားအသင်းတို့ကို ဖိတ်ကြားထားရာ မြန်မာအသင်းမှာ အုပ်စုအဆင့်ကို ခက်ခက်ခဲခဲရင်ဆိုင်ကျော်ဖြတ်ရဖွယ်ရှိနေသည်။ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ပါဝင်နေသည့် ယင်းပြိုင်ပွဲကို ဇူလိုင် ၂၄ရက်မှ ဩဂုတ် ၅ရက်အထိ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○



# ပထမဆုံးအကြိမ် GIS နည်းပညာဖြင့် တည်ဆောက်ခဲ့သည့် ဒဂုံ(အရှေ့)ပင်မဓာတ်အားခွဲရုံသစ် ၂၃၀/၆၆/၁၁ ကေဗွီ ယနေ့ဖွင့်ပြီ

၂၃၀/ ၆၆/ ၁၁ ကေဗွီ၊ (၂x၁၂၅) အမ်ဗွီအေ ဒဂုံ(အရှေ့) GIS ပင်မဓာတ်အားခွဲရုံတည်ဆောက်ရာတွင် ပစ္စည်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၉၄ သန်းခန့်ရှိပြီး တည်ဆောက်ရေးစရိတ် ၁၁၂၅၆ ဒသမ ၆၉ သန်းရှိ၍ ကနဦးကုန်ကျစရိတ် အနည်းငယ်များသော်လည်း လုပ်ငန်း ဆောင်ရွက်ရာ၌ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ် အလွန်နည်းပါးသည့်အတွက် ရေရှည်တွင် များစွာပိုမိုအကျိုးရှိမည်။

လက်ရှိနိုင်ငံတော်တွင် ပြောင်းလဲလာသော ခေတ်စနစ်များကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ တိုးတက်လာသော ရုပ်ပိုင်းဆိုင်ရာများမှာ တစ်နိုင်ငံလုံး အနှံ့အပြားရှိနေပြီဖြစ်၍ တိုးတက်လာသော ရုပ်ပိုင်းဆိုင်ရာနှင့် တိုးတက်လာသော လူဦးရေအရ လူတို့၏ အသုံးအဆောင်ပစ္စည်းများကိုလည်း ခေတ်မီဖွံ့ဖြိုးလာနေပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် အများဆုံး မူတည်လျက်ရှိသည်။ ထို့ကြောင့်လည်း တက်လာသော အစိုးရတိုင်းက မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသလို တစ်ဖက်မှလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲဆောင်ရွက်ရေး ဆွေးနွေး

စာမျက်နှာ - ၂

ညောင်ဦးမြို့ ကံသာယာကျေးရွာသို့ သောက်သုံးရေ လှူဒါန်းနိုင်

စာမျက်နှာ - ၆

စွန့်ပစ်ကော်ဖီမစ်အိတ်ခွံများဖြင့် ဖျာချောလုပ်ငန်း ရက်လုပ်သူများ အပိုဝင်ငွေရရှိ

စာမျက်နှာ - ၁၀



# သက်တမ်း ၉၀ နီးပါးရှိ ဘဝသံသရာတံတားတွင် ခရီးသွားများ ရပ်နားလေ့လာမှု များပြားလာ

တောင်ကြီး မတ် ၁၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) သာစည်-ရွှေညောင်ကြားရှိ သက်တမ်း ၈၉ နှစ်ကြာမြင့်သည့်နာမည်ကြီး ဘဝသံသရာ "Bawa Samsara Bridge" ကို ပြည်တွင်း ပြည်ပခရီးသွားများက အထူးစိတ်ဝင်စား၍ အဖွဲ့လိုက်လာရောက်ကာ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းနှင့်အတူ ရပ်နားလေ့လာမှုများပြားနေလျက်ရှိကြောင်း သိရသည်။**

စာမျက်နှာ ၇ ကော်လံ ၃ သို့ ☆






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2016 MARCH 13, SUNDAY


STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

# ဖိတ်ခေါ်ပါသည် မြတ်မော်တင်ဘုရားပွဲတော်ဆီ

ကုသိုလ်တရား ပွားများချင်သူများ လာရောက်သောနေရာ၊ ကမ္ဘာလှည့်ခရီးသည်များ လေ့လာအပန်းဖြေနိုင်သောနေရာ၊ ရေလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုနေသောနေရာ၊ အရှေ့၊ အနောက်၊ တောင်ဘက်တစ်ခွင် ရှုမဆုံးသော ပင်လယ်ရှုခင်းများကို ကြည့်ရှုခံစားနိုင်သောနေရာ၊ နံနက်ခင်းမှ ပွင့်ထွက်လာသော နေမင်းကြီး ညနေခင်း ပင်လယ်ထဲသို့ တဖြည်းဖြည်း နစ်မြုပ်ပျောက်ကွယ်သွားမှုကို တစ်နေရာတည်းမှ ကြည့်ရှုခံစားနိုင်သော နေရာသည်ကား ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ မြတ်စွာဘုရား၏ဆံတော်အစစ်တည်ထားကိုးကွယ်ရာ ဆံတော်ရှင်မြတ်စေတီတည်ရှိသည့် မော်တင်စွန်းပင်ဖြစ်သည်။

မြတ်စွာဘုရားပွင့်တော်မူစတွင် လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါများဖူးမြော်နိုင်စေရန် အလို့ငှာ ဗုဒ္ဓရှင်ဓမ္မရတနာမြတ် ဆံတော်ရှစ်ဆူကို ပထမဦးဆုံးကြည်ညိုခွင့်၊ ပင့်ဆောင်ခွင့်ရသောသူများဖြစ်သည့် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင် နှစ်ဦးသည် ဆံတော်နှစ်ဆူအား မြတ်မော်တင် စေတီတော်တွင် ဌာပနာ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့၌ ယခုမြန်မာနိုင်ငံတောင်ဘက်စွန်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ နဂါးမင်းတို့ပျော်မြူးစံရာ သရနတောင်(Nagayaung) အငူတွင် နဂါးမင်းတို့ သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

အလောင်းစည်သူမင်းကြီးလက်ထက်၌ ကမ်းရိုးတန်းတစ်လျှောက် ဖောင်တော်ဖြင့် လှည့်လည်ရာ Nagayaung အငူမော်တင်စွန်းထိပ်သို့ ရောက်သောအခါ ဇေယျသေနနဂါးမင်းတားမြစ်မှုကြောင့် ဖောင်တော်ရပ်တန့်သွားရာ နဂါးမင်းသည် လူသားအသွင်ဖန်ဆင်းပြီး ၎င်းတည်ထားသော မြတ်စွာဘုရား၏ ဆံတော်ရှင်စေတီတော်မြတ်အား ဖူးမြော်နိုင်ရန် ရပ်တန့်ခြင်းဖြစ်ကြောင်း သိရှိစေခဲ့သဖြင့် အလောင်စည်သူမင်းကြီးသည် စေတီတော်မြတ်အား တောင်ဘက်မှ သုံးကြိမ်ဦးခိုက်ပြီး သစ္စာဓိဋ္ဌာန်ပြုကာ သက္ကရာဇ် ၄၇၅ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်ဖြင့် စေတီတော်မြတ်အား ထပ်ဆင့်တည်ထားကိုးကွယ်ခဲ့သည်။


Santino (Tourism)

ထို့အပြင် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဆိုက်ကပ်သည့်နေရာ၌ နောင်အစဉ်အလာ အမှတ်အသားတစ်ခုဖြစ်စေရန် ရည်ရွယ်၍ ဆံတော်ရှင်စေတီတော်၏ တောင်ဘက်ပင်လယ်စပ်၌ သံတောင်(၂၅)တောင်၊ လုံးပတ်သံတောင်(၄၀)ရှိသော စေတီကို ဖောင်တော်ဆိပ်စေတီဟု သမုတ်ကာ မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့နှင့် မဟာသက်န်းနက်အသားကို ဌာပနာ၍ သိကြားမင်း၊ နဂါးမင်းတို့၏ အကူအညီဖြင့် တည်ထားခဲ့သည်။

မြတ်မော်တင်ဘုရားပွဲအား နှစ်စဉ်မပျက် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်ကြာ ကျင်းပခဲ့သော်လည်း ပြည်တွင်းဘုရားဖူးများ၊ များပြားလာခြင်းအပြင် ဘုရားဖူးခြင်း၊ အပန်းဖြေခြင်း၊သဘာဝပတ်ဝန်းကျင်များကိုလေ့လာခြင်း၊ ဒေသလူထု၏ စီးပွားရေးလုပ်ငန်းများလေ့လာခြင်း စသည့် ရသစုံလင်စွာခံစားနိုင်သည့် အခြေအနေများနှင့် ပြည့်စုံနေသည့်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ တစ်လတိုင်တိုင်ကျင်းပနိုင်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ယာယီတည်းခိုခန်း တစ်လုံး၊ အခန်း ၃၄ခန်း၊ ရေချိုးခန်း ၁၆ ခန်းသာရှိခဲ့သော်လည်း ဘုရားပွဲတော်ကာလတစ်လကြာ စတင်ကျင်းပသည့် ၂၀၁၅ ခုနှစ်တွင် ယာယီတည်းခိုခန်း ၁၃လုံး၊ အခန်းပေါင်း ၃၉၂ ခန်း၊ ရွက်ဖျင်တဲ ၃၇ ခုရှိလာခဲ့သည်။ ယခု၂၀၁၆ ခုနှစ်တွင် တည်းခိုရိပ်သာ ၁၉ လုံး၊ အမြဲတမ်းအခန်း ၂၇၂ ခန်း၊ ယာယီအခန်း ၃၁၉ခန်းရှိလာပြီး တိုးတက်ဝင်ရောက်လည်ပတ်သော ပြည်တွင်းခရီးသွားဧည့်သည်များ ပိုမိုအဆင်ပြေစွာတည်းခိုနိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည့်အပြင် ပြည်ပဧည့်သည်များ တည်းခိုနေထိုင်ရန်အတွက်လည်း အဆင်ပြေချောမွေ့စေခဲ့သည်။

မြတ်မော်တင်စွန်းသို့ ၂၀၁၄ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၂၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ပြည်ပဧည့်သည် ၁၁ ဦး၊ ပြည်တွင်းဧည့်သည် ၅၀၀၃ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ ယခု ၂၀၁၆ ခုနှစ် မတ် ၆ ရက်အထိ ပြည်ပဧည့်သည် ၅၀၊ ပြည်တွင်းဧည့်သည် ၈၉၇ ဦးဝင်ရောက်ခဲ့ပြီး နေ့ချင်းပြန်ခရီးစဉ် ပြည်တွင်းဧည့်သည် ၇၈၈၃ ဦး ဝင်ရောက်လည်ပတ်လျက်ရှိသဖြင့် ယခင်နှစ်ထက်ပိုမိုတိုးတက်စွာ လည်ပတ်လာကြသည်ကို တွေ့ရှိရသည်။ ယခုအခါ ပိုမိုဝင်ရောက်လာသော ပြည်ပဧည့်သည်များနှင့် ပြည်တွင်းဧည့်သည်များအတွက် အဆင့်မီတည်းခိုနိုင်ရန် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်၍ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လျက်ရှိနေသည်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများဖြစ်နေသည်။

မြတ်မော်တင်စွန်းသို့ သွားရောက်ရာတွင် ကုန်းလမ်း (သို့မဟုတ်) ရေလမ်းခရီးဖြင့် သွားရောက်နိုင်ပြီး ခရီးစဉ်ကွဲပြားမှုအရ တွေ့ကြုံခံစားရမှုမှာလည်း ရသတစ်မျိုးစီခံစားရရှိနိုင်သည်။ ပုသိမ်မြို့မှ မြတ်မော်တင်သို့ ကုန်းလမ်းခရီးဖြင့် သွားရောက်မည်ဆိုပါက ပုသိမ်မြို့ မြို့တော်ခန်းမအနီးမှ မြတ်မော်၊ မြတ်ကောင်းကင်၊ ကံထူးအောင်၊ အမြန်မော်တော်ယာဉ်လိုင်းများသည် နံနက် ၁၀ နာရီခွဲမှစ၍ မွန်းလွဲ ၁နာရီအထိ တစ်နာရီခြား တစ်စီးနှုန်းဖြင့် ထွက်ခွာလျက်ရှိပြီး ခရီးလမ်းတစ်လျှောက် စိမ်းညို့သော ရော်ဘာစိုက်ခင်းများနှင့် တောတောင်ရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်း၊ ဒေသခံပြည်သူတို့၏ရိုးသားဖော်ရွေမှုနှင့် ဒေသအစားအစာများ စားသောက်ခြင်းတို့ဖြင့် ခြောက်နာရီကြာခရီးကို ငရုပ်ကောင်း၊ ပိုးလောင်း(ကရင်ရွာ)၊ ကျုံကူး၊ ငါးပြေမ၊ ကျောက်ချောင်း၊ ခမောက်မော်ကျေးရွာများကို ဖြတ်သန်းကာ မြတ်မော်တင်သို့ အေးချမ်းစွာ ရောက်ရှိနိုင်သည်။

ထို့အတူ ရေလမ်းခရီးဖြင့် သွားရောက်မည်ဆိုပါကလည်း ပုသိမ်မြို့မှ နံနက် ၁၁ နာရီနှင့် ည ၈ နာရီတို့တွင် ထွက်ခွာသည့် ရေလိုင်း၊ ပုသိမ်သူ၊ ရွှေစကြာပင်၊ မြတ်ပြည့်စုံ၊ ပိုလှိုင်းကြီး၊ စိုးလင်းကျော်၊ ရှပ်ပြေးအမြန်ရေယာဉ်များကိုစီးကာ ကိုးနာရီကြာခရီးစဉ်တွင် ငဝန်မြစ်အတွင်း တိုက်ခတ်လာသော ပင်လယ်လေအား တစ်ဝရှူရှိုက်ရင်း ရှုမဆုံးသော ဒီရေတောနှင့် ကျေးငှက်များမြင်ကွင်းကို ကြည့်ရှုအပန်းဖြေလိုက်ပါနိုင်သည်။

မြတ်မော်တင်သို့ ရောက်ရှိသည်နှင့် ဆံတော်ရှင်စေတီအား ဖူးမြော်ကာ ခရီးလမ်းပင်ပမ်းနွမ်းနယ်မှုကို အေးမြပြေပျောက်စေသည်။ ပင်လယ်ဘက်မှ တိုးဝင်လာသော လေနုအေးများကြောင့် စေတီရှိခေါင်းလောင်းလေးများ၏ တချွင်ချွင်မြည်နေသည့် ခေါင်းလောင်း(ဆွဲလွဲ)သံလေးများသည်လည်းကောင်း၊ ဘုရားရင်ပြင်တော်ရှိ တရုတ်စကားပွင့်ရနံ့လေးများသည်လည်းကောင်း၊ စည်းချက်ကျကျ ပင်လယ်လှိုင်းရိုက်ခတ်သံလေးများသည်လည်းကောင်း၊ ရှုမဆုံးသော ပင်လယ်ပြင်ကြီးသည်လည်းကောင်း၊ ဝမ်းရေးအတွက် တစ်နေကုန်ရှာဖွေပြီး နေဝင်ရီတရောတွင် တရွေ့ရွေ့ ပြန်လည်ဝင်ရောက်လာသော ငါးဖမ်းစက်လှေများသည် လည်းကောင်း၊ တစ်ခါတစ်ရံဖြတ်သန်း မောင်းနှင်သွားသည့် နိုင်ငံတကာကူး ကုန်တင်သင်္ဘောကြီးများသည်လည်းကောင်း၊ နေထွက်ရောင်နီဦးနှင့် နေဝင်ဆည်းဆာအလှတရားများသည်လည်းကောင်း လာရောက်သူအပေါင်း၏ စိတ်နှလုံးကို သိမ်းကြုံးယူဆောင်ကာ မြတ်မော်တင်မှ မပြန်ချင်လောက်အောင်ပင် စွဲဆောင်နိုင်စွမ်းရှိလှသည်။

ကျယ်ပြန့်ရှည်လျားသော သဲသောင်ပြင်တစ်လျှောက် ခရုကောက်ခြင်း၊ ဝင်ကစွတ်ကောင်လေးများနှင့် ဆော့ကစားခြင်း၊ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်း၊ ကားမောင်းခြင်း၊ ရေကူးခြင်း၊ ကျောက်ဆောင်များနှင့် သဲသောင်များပေါ်တွင် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ တံငါလုပ်သားများ၏ ရေလုပ်ငန်းဘဝများကို လေ့လာခြင်း၊ ကနုကမာ၊ ခရုပုတီးလုပ်ငန်းများကိုလေ့လာခြင်း၊ မောပန်းလာလျှင် အုန်းရေချိုအေးအေးသောက်၍ ရွှေနတ်တောင်၊ မြတောင်၊ ရွှေတောင် တန်ခိုးကြီးဘုရားများကို ဖူးမြော်နိုင်သည်။

မြတ်မော်တင်စေတီ၏ ထူးခြားမှုများအနက်မှ အထူးခြားဆုံးနှစ်ခုမှာ စေတီတော်မြတ်ကြီးအား အစောဆုံးအရုဏ်ဆွမ်းကပ်လှူရာတွင် မိမိထက်ဦးစွာ ကပ်လှူထားသော အရုဏ်ဆွမ်းအလှူရှင်ရှိနေခြင်းနှင့် ဘုရားပွဲတော်မတိုင်မီ ကျောက်ဆောင်များပေါ်သို့ သဲများဖုံးလွှမ်းကာ ကျောက်ဆောင်များ ပျောက်ကွယ်သွားပြီး ဘုရားပွဲကာလပြီးမြောက်သည်နှင့် သဲများပင်လယ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်ကာ ကျောက်ဆောင်များ ပြန်လည်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ကုသိုလ်တရားပွားများရင်း အပန်းဖြေအနားယူရန်နှင့် ဗဟုသုတများ လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်မှစတင်ဖွင့်လှစ်ကာ တစ်လကြာကျင်းပမည့် မြတ်မော်တင်စေတီဘုရားပွဲသို့ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လည်ပတ်နိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ ။



# လမ်းဘေးဓာတ်တိုင်၊ သစ်ပင်များမှ စည်းကမ်းမဲ့ကြော်ငြာများ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် လိုက်လံဖြုတ်သိမ်း



**ရန်ကုန် မတ် ၁၂**

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးလာမှုနှင့်အတူ ဈေးကွက်တွင်ပြိုင်ဆိုင်မှုများရှိနေသဖြင့် စီးပွားရေးလုပ်ငန်းရှင်အချို့က ကြော်ငြာများအသုံးပြုရာတွင် သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လူအများမြင်သာသော လမ်းဆုံလမ်းခွများ၌ ကြော်ငြာဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်းများဆောင်ရွက်နေကြသောကြောင့် ယင်းစည်းကမ်းမဲ့ကြော်ငြာများကို လိုက်လံဖြုတ်သိမ်းဆောင်ရွက်နေကြောင်း မတ် ၁၀ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဆုံလမ်းခွများမှ စည်းကမ်းမဲ့ကြော်ငြာများအား လိုက်လံဖြုတ်သိမ်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးက ပြောသည်။

"ခွင့်ပြုချက်မယူဘဲ စီးပွားရေးကြော်ငြာတွေကို လမ်းဆုံလမ်းခွတွေမှာ နည်းမျိုးစုံနဲ့ ကြော်ငြာထားကြတယ်။အချို့က ဓာတ်တိုင်တွေ၊ သစ်ပင်တွေမှာ ချိတ်ဆွဲကပ်ထားတာတွေ လုပ်ထားကြတော့ အမြင်မတင့်တယ်ဘူး။ ဒါကြောင့် စည်းကမ်းမဲ့ကပ်ထားတဲ့ ကြော်ငြာတွေကို လိုက်လံဖြုတ်သိမ်းနေတာပါ" ဟု ၎င်းက ရှင်းပြသည်။

မျက်မှောက်ကာလတွင် စီးပွားရေးနယ်ပယ်ဇုန်၌ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၊ အကျိုးတူပေါင်းစပ်ရင်းနှီးမြှုပ်နှံသူများက ဈေးကွက်တွင် အခိုင်အမာရပ်တည်နိုင်ရေးအတွက် ရုပ်သံဌာနများ၊နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များတွင် အပြိုင်အဆိုင်ကြော်ငြာများထည့်သွင်းနေကြပြီး အချို့သော စီးပွားရေးလုပ်ငန်းရှင်များကမူ အများမြင်သာသည့် လမ်းဆုံလမ်းခွများ၊ ဓာတ်တိုင်များ၊ သစ်ပင်များတွင် စိုက်ထူချိတ်ဆွဲကပ်ထားခြင်းများ ပြုမူဆောင်ရွက်နေကြသဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမြင်မတင့်တယ်သောကြောင့် လိုက်လံဖြုတ်သိမ်း ဖယ်ရှားခြင်းဖြစ်ကြောင်း သိရသည်။ **(မောင်သုည)**

**မီးသတိပြု**

## မေမြို့ပန်းစိုက်တောင်သူများ ပန်းဈေးကောင်း၍ မိသားစုဝင်ငွေတိုး

**တပ်ကုန်း မတ် ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ခြုံကြီးကျေးရွာနှင့်ကင်မွန်းတန်းကျေးရွာ ဒေသခံတောင်သူအချို့သည် ရာသီအလိုက်သီးနှံများကို စက်ရေတွင်းဖြင့် မြေအောက်ရေကို အမှီပြု၍ စိုက်ပျိုးလျက်ရှိကြသည်။ ယခုအခါ မိသားစုဝင်ငွေအတွက် အပိုဝင်ငွေရသည့် မေမြို့ပန်းများ စိုက်ပျိုးကြရာတွင် နွေရာသီပန်းဈေးကွက် ကောင်းသဖြင့် ပန်း ခြောက်ပင်၊ ခုနစ်ပင်တစ်စည်းလျှင် ကျပ် ၂၀၀၊ ၂၂၀ ရောင်းချရပြီး တစ်ဧကစိုက်လျှင် အကျိုးအမြတ် ကျပ် ၁၅ သိန်းခန့်မှန်းထားကြောင်း ဒေသခံမေမြို့ပန်းစိုက် တောင်သူတစ်ဦးက ပြောသည်။

"မေမြို့ပန်းစိုက်ခင်းတစ်ခုတွင် ရေသွင်း၊ ပေါင်းမြက်သင် အလုပ်သမားသုံးဦးကနေ ငါးဦးလောက်အထိ လုပ်ကိုင်ကြရပါတယ်။ အမျိုးသမီးတစ်ဦးကို လုပ်အားခငွေကျပ် ၂၀၀၀၊ အမျိုးသားတစ်ဦးကို လုပ်အားခငွေကျပ် ၃၀၀၀ အထက်ရတော့ သူတို့လည်း အဆင်ပြေပါတယ်။ နေ့စဉ် လက်လီဝယ်ယူတဲ့ ခေါင်းရွက်ပန်းသည်တွေလည်း တစ်နေ့အမြတ်ဝင်ငွေကျပ် ၄၀၀၀၊ ၄၅၀၀ရရှိကြပါတယ်"ဟု ခြုံကြီးကျေးရွာမှ မေမြို့ပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။ **(တင်စိုးလွင်)**



# အညာဒေသတောင်သူများ အားထားယုံကြည်သည့် ပုန်းမကြည်ဓလေ့ စည်ကားစွာကျင်းပ


ကိုနေ(ကျောက်ပန်းတောင်း)

**ကျောက်ပန်းတောင်း မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အညာဒေသတောင်သူများ၏ မိရိုးဖလာယုံကြည်မှုတစ်ခုဖြစ်သော ပုန်းမကြည် ပူဇော်ပသခြင်းအလေ့အထကို နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း ၃ရက်တွင် ပြုလုပ်လေ့ရှိကြရာ တပေါင်းလဆန်း(၁ရက်၊ ၂ရက်)မှစတင်၍ ပုန်းမကြည်တင်မြှောက်ပသရန်အတွက် ကောက်ညှင်းဆန်ထောင်းခြင်း၊ မုန့်ကြော်ရန် ပြင်ဆင်ခြင်းနှင့် လိုအပ်သည့် ချက်ပြုတ်ကြော်လှော်စရာများဝယ်ယူကြရန်အတွက် ကျောက်ပန်းတောင်းမြို့မဈေးတွင် စည်ကားလေ့ရှိသည်။

အဆိုပါ ပုန်းမကြည်ကို ကျေးလက်တောရွာများရှိ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ကျေးလက်နေပြည်သူများက အများဆုံးလုပ်ဆောင်လေ့ရှိကြပြီး မြို့ပေါ်တွင် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့်ဆီစက်လုပ်ငန်းရှင်များ တောင်သူလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သူများလည်း ယုံကြည်စွာ လုပ်ဆောင်ကြသည်ကို တွေ့မြင်ရပေသည်။ "ဒီပုန်းမကြည် တင်ပြီးပသတဲ့အလေ့အထကို ဒီနားပတ်ဝန်းကျင်မြို့တွေနဲ့ ကျောက်ပန်းတောင်းနယ်တစ်နယ်တည်းမှာပဲ လုပ်တာတွေ့ရတယ်။ တခြားနယ်တွေမှာတော့ သူတို့ဆိုင်ရာဆိုင်ရာ ကိုးကွယ်ကြတာတော့ရှိမှာပေါ့။ ပုန်းမကြည်မှောက်တာကိုတော့ ဒီနယ်ပတ်ဝန်းကျင်မှာပဲ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ယုံယုံကြည်ကြည် လုပ်တာတွေ့ရတယ်"ဟု ကားတစ်စီးဖြင့်ဒေသစုံ သွားလာလေ့ရှိသူ ဦးခင်မောင်မြင့်က ပြောသည်။ တင်မြှောက်ပသကြသူများသည် မိမိတို့လယ်ယာလုပ်ငန်းခွင် အသီးအနှံပေါကြွယ်ဝရေး၊ စီးပွားဥစ္စာ လာဘ်လာဘပေါများရေး၊ မိုးလေဝသမှန်ကန်ညီညွတ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ယုံကြည်စွာ ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုန်းမကြည် တင်မြှောက်ပသရန်အတွက် အညာတောင်သူများသည် တပေါင်းလဆန်း ၂ ရက် ညနေမှစတင်၍ မုန့်ဆီကြော်ကြော်ခြင်း၊ မုန့်အရုပ်ကြော်ခြင်းနှင့် ပုန်းမကြည်ပန်းဝယ်ယူခြင်းအစရှိသည့် လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြပြီး တပေါင်းလဆန်း ၃ ရက်တွင် နံနက် ၄နာရီခန့်မှထ၍ ထမင်းအိုးတည်ခြင်း၊ ငါးခြောက်ကြော်ခြင်းများ စတင်ဆောင်ရွက်ကြသည်။ ယင်းနောက် ဘုရားဆွမ်းတော်ကပ် ဘုရားရှိခိုးပြီးပါက ပုန်းမကြည်တင်ရန်အတွက် ဒန်အိုး၊ ထမင်းချိုင့်တို့တွင် ထမင်း၊ ငါးရံ့လုံးကြော်၊ ပဲကြီးဥ၊ ဘဲဥ(သို့မဟုတ်) ကြက်ဥ၊ မုန့်ဆီကြော်၊ ကောက်ညှင်းဖြင့် ပြုလုပ်ထားသည့် လူရုပ်၊ လှည်းရုပ်၊ ရွှေလက်ကောက်ရုပ်၊ ရွှေနားတောင်းရုပ်၊ မော်တော်ကားရုပ်အစရှိသည့် မိမိတို့အလိုရှိရာ ပုံဖော်ပြုလုပ်ထားသည့် မုန့်ကြော်အရုပ်များအပြင် အချို့မှာဝက်သားဟင်း၊ ငွေစက္ကူများပါထည့်၍ အဆိုပါ အိုး၊ ခွက်တို့ကို အဝတ်ဖြူဖြင့်ရစ်ပတ်ပြီး ၎င်းအိုးအပေါ်တွင် ပုန်းမကြည်ပန်းခက်ကို တင်ကာ မိမိတို့၏နွားလှည်း၊ နွားတင်းကုပ်၊ စပါးကျီ၊ ရေတွင်း၊ ရေကန်နှင့် လယ်ယာအတွင်းရှိ သစ်ပင်များ၊ မိမိတို့နေအိမ်၊ မီးဖိုချောင် အစရှိသည့်နေရာများတွင် ဝေလီဝေလင်းကတည်းက အခြားသူများမသိအောင် သိုဝှက်ထားကြခြင်းဖြစ်၍ ၎င်းကိုပင် ပုန်းမကြည်မှောက်သည်ဟု ခေါ်ဆိုကြခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ပုန်းမကြည်အိုးကို အိမ်ရှင်အမျိုးသမီး၊ အမျိုးသားတို့က နံနက် ၇ နာရီခန့်တွင် ၎င်းတို့သိုဝှက်ထားရှိရာ ပုန်းမကြည်အိုးရှိရာသို့သွား၍ ပုန်းမကြည် ပန်းခက်ဖြင့်အသာအယာပုတ်ကာ ၎င်းပုန်းမကြည်မကို နှိုးရကြောင်းလည်း သိရသည်။ ထိုသို့ နှိုးရာတွင်. . " ပုန်းမကြည်မ. . ထ. . ထ။ ပုန်းမကြည်သခင်မ. . . ရွှေဥ၊ ငွေဥပေးပါဗျ. . . ဟူ၍လည်းကောင်း၊ အချို့က . . . ပုန်းမကြည်မ ရွှေကြွယ်ဝ. . . ရွှေလှည်း၊ ငွေလှည်း. . . ခေါ်ခဲ့ဗျ. . ။ ထ. . ထ. . ထ. . ဟူ၍လည်းကောင်း ဆိုရွတ်ကြရသည်များ ရှိကြောင်း သိရသည်။ ယင်းနောက်တွင် အဆိုပါ ပုန်းမကြည်မှောက်ထားသည့် အစားအသောက်များကို ပုန်းမကြည်နှိုးရာသို့လိုက်လံခြောင်းမြောင်းနေသည့် ကလေး၊ လူငယ်၊ လူကြီးများက ပျော်ရွှင်စွာ ခိုးယူစားသောက်ကြခြင်းဖြင့် ပုန်းမကြည်တင်မြှောက်ပသခြင်းလုပ်ငန်းပြီးဆုံးကြောင်းသိရသည်။

အဆိုပါ ပုန်းမကြည်တင်မြှောက်ပသခြင်းဖြင့် မိမိတို့လယ်ယာလုပ်ငန်းခွင်များ အဆင်ပြေပြီး၊ သီးနှံများအလျှံပယ်ရရှိ၍ စီးပွားဥစ္စာ လာဘ်လာဘများပေါများကြလိမ့်မည်ဟု ရှေးယခင်ကတည်းကပင် အညာဒေသတောင်သူများ မိရိုးဖလာအရိုးစွဲယုံကြည်ခဲ့ကြခြင်းဖြစ်ပြီး ၎င်းပုန်းမကြည်တင်မြှောက်သည့်ရက်နှင့်ဆက်စပ်၍ ထူးခြားသည့် ယုံကြည်မှုတစ်ခုမှာ တပေါင်းလဆန်း ၁ ရက်တွင် လေတိုက်ခတ်ပါက မိုးဦးကောင်းလိမ့်မည်ဟူ၍လည်းကောင်း၊ တပေါင်းလဆန်း ၂ ရက်တွင် လေတိုက်ခတ်ပါက မိုးလယ်ကောင်းလိမ့်မည်ဟူ၍လည်းကောင်း၊ တပေါင်းလဆန်း ၃ရက်(ပုန်းမကြည်နေ့)တွင် လေတိုက်ခတ်ပါက မိုးနှောင်းကောင်းလိမ့်မည်ဟုလည်းကောင်း လက်ခံယုံကြည်ထားကြပြီး နှောင်နှစ်မိုးဦးရာသီ စိုက်ခင်းပျိုးခင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လေ့ရှိကြကြောင်း အညာတောင်သူတို့၏ ရိုးရာယုံကြည်မှုတစ်ခုအဖြစ် လေ့လာသိရှိရပေသည်။ ❐



## အယ်နီညိုနှင့်ပတ်သက်၍ တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေး

**ကော့ကရိတ် မတ် ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနည်းပညာပေးဆွေးနွေးပွဲကို မတ် ၉ ရက် နံနက်ပိုင်းကပြုလုပ်ရာ ရန်ကုတ်ကျေးရွာအုပ်စုအတွင်းရှိ ရန်ကုတ်၊ နန်းရွှေမိတ်၊ ဆိတ်ဖူးကုန်း၊ နောင်နှိုင်းကျေးရွာများမှ တောင်သူလယ်သမား ၁၁၅ ဦးတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နော်သူးလေထီးက အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်တတ်သည့်ဆိုးကျိုးများနှင့် ရှောင်ရန်ဆောင်ရန်များ၊ ပြည်နယ်မြေအသုံးချရေး တာဝန်ခံ ဒေါ်အေးအေးချိုက မြေဆီလွှာပြဿနာများနှင့် ဖြေရှင်းရန်နည်းလမ်းများကို လည်းကောင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲနည်းကို လည်းကောင်း၊ ဒိုချက်ကင်သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းတို့ကို စာတွေ့လက်တွေ့ဆွေးနွေးပြီး ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်က မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည် နည်းပညာများကို လည်းကောင်း၊ ပြည်နယ်ပိုးမွှားတာဝန်ခံဒေါ်သန်းသန်းလွင်က သီးနှံဖျက်ပိုးနှင့် ကာကွယ်နှိမ်နင်းနည်း၊ ပိုးသတ်ဆေးစနစ်တကျ အန္တရာယ်ကင်းစွာအသုံးပြုနည်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကေအင်န်ယူ (ဗဟို) မွေးမြူရေးစခန်း၌ပြုလုပ်သည့် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု၊ ကျေးရွာအခြေပြု မွေးမြူရေးနှင့်စိုက်ပျိုးရေးသင်တန်းတွင် ပြည်နယ်(မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး) တာဝန်ခံတို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်နည်းပညာများကို သင်တန်းသား သင်တန်းသူ ၁၀၂ ဦးအား တောင်သူနည်းပညာပေး လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စောမိုးမင်းသိန်း(ဘားအံ)**

## မိတ္ထီလာ ရွှေစစ်သည်ကျေးရွာအုပ်စု သဲတောလေးကျေးရွာဒေသခံပြည်သူများ ယခင်နှစ်များထက် သောက်သုံးရေအခက်အခဲနှင့် ပို၍ ကြုံတွေ့နေရ

**မိတ္ထီလာ မတ် ၁၂**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စု သဲတောလေးကျေးရွာဒေသခံပြည်သူများမှာ နှစ်စဉ် နွေရာသီရောက်ချိန်တိုင်း သောက်သုံးရေအခက်အခဲကြုံတွေ့ခဲ့ရပြီး ယခုနှစ်တွင် အယ်နီညိုရာသီဥတုနှင့်ရင်ဆိုင်ရသဖြင့် ယခင်နှစ်များထက် သောက်သုံးရေအခက်အခဲကို ပို၍ ကြုံတွေ့ခံစားနေရကြောင်း ဒေသခံများထံမှ သိရသည်။

"သဲတောလေးကျေးရွာမှာ ရှေးတုန်းကတည်းက ရေချိုမထွက်ဘူး။ ရေငန်ပဲ ထွက်တယ်။ ရေငန်ထွက်တဲ့ ရေတွင်းတွေတော့ရှိတယ်။ ရေမရှားပေမယ့် သောက်သုံးရေအတွက်ကျတော့ နွေရောက်တိုင်း အခက်အခဲကြုံတွေ့ရတယ်။ မိုးရာသီမှာ မိုးရေစုပြီး မိုးရာသီနဲ့ဆောင်းရာသီမှာ မိုးရေနဲ့ ရေငန်ကို ရောသောက်ရတယ်။ လူတွေလည်း အဲဒီလို သောက်ရသလို မွေးထားတဲ့ နွား၊ ဆိတ်၊ ခွေး၊ ကြက် ကအစ ရေငန်ပဲသောက်ရတယ်။ နွေရာသီဆိုရင်တော့ ရွာအနီးက ဒီချောင်းထဲမှာ အခုလိုလက်ယက်တွင်းတူးပြီး သောက်သုံးရေအတွက် မနက်အစောကြီးကတည်းက အလှည့်ကျခပ်ကြရတယ်။ ဒီနှစ်က အယ်နီညိုရာသီဥတုကြုံတွေ့ရတဲ့နှစ်ဆိုတော့ ခါတိုင်းနှစ်တွေလောက် လက်ယက်တွင်းက ရေမရဘူး။ ဒါကြောင့် သောက်သုံးရေအတွက် ခါတိုင်းနှစ်တွေထက် ပိုပြီး အခက်အခဲကြုံတွေ့နေရတယ်"ဟု သဲတောလေးကျေးရွာမှဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

သဲတောလေးကျေးရွာတွင် အိမ်ခြေ ၈၀ ခန့် နှင့် လူဦးရေ ၂၀၀ ကျော် နေထိုင်လျက်ရှိပြီး ရှေးယခင်က ကျေးရွာအတွင်းတူးဖော်ခဲ့သည့်ရေတွင်းများနှင့် လက်ရှိတူးဖော်ထားသည့်စက်ရေတွင်းများမှ ထွက်ရှိသည့်ရေမှာ တစ်နှစ်ထက်တစ်နှစ် အငန်ဓာတ်ပိုမိုများပြားလာ၍ မိုးရေဖြင့်ရောစပ် သောက်သုံးရန်ပင် မကောင်းမွန်တော့ကြောင်း၊ ၎င်းရေငန်များဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောသည့်အခါ မှိုကဲ့သို့အဖြူပွင့်ပြောက်များ ( ဆားဓာတ်ပေါက်များ ) ဖြစ်ပေါ်သည်ကို တွေ့ရကြောင်း အသက် (၆၅) နှစ်ခန့်ကျေးရွာ ဒေသခံ အဘွားတစ်ဦးက ပြောသည်။ အဘွားတို့ ငယ်ငယ်တုန်းက ရွာထဲက ရေတွင်းက ရေငန်က မိုးရေနဲ့ရောစပ် သောက်သုံးလို့ရသေးတယ်။ အငန်ဓာတ် သိပ်မသိသာဘူး။ ဒီဘက်ခေတ်ကျတော့ ရွာထဲကထွက်တဲ့ရေတွေက ပိုငန်လာတယ်။ မိုးရေ နဲ့ စပ်ပြီးသောက်လည်း အငန်ဓာတ်ကများနေတယ်။ အိုးခွက်ပန်းကန်တွေကို ဆေးကြောတော့လည်း အဖြူပွင့်ပြောက်တွေ ဖြစ်လာတယ်"ဟု ၎င်းကပြောသည်။ သဲတောလေးကျေးရွာတွင် ကြုံတွေ့နေရသည့် သောက်သုံးရေအခက်အခဲကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များထံ တင်ပြအကူအညီတောင်းခံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကိုယ်တိုင်အမှိုက်မဖြစ်ဖို့လိုပါသည်

**နန္ဒာမင်းလွင်**

ပြီးခဲ့သည့်ဒီဇင်ဘာလက ကြေးမုံသတင်းစာပါ သတင်းလေးတစ်ပုဒ်ကို ဖတ်ရသည်မှာ စိတ်ဝင်စားစရာကောင်းသလို စိတ်မကောင်းဖွယ်ရာလည်း ဖြစ်မိသည်။ သတင်းလေးက "စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ပုံး၊ ဆလိုက်မီးနှင့်ယာဉ်ထိန်းဂိတ်တဲဖျက်ဆီးခံရ" ဟု ဖြစ်ပါသည်။ ဖြစ်ပွားသည့်နေရာက မြန်မာတို့၏ အသည်းနှလုံးတည်ရှိရာ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ ကိန်းဝပ်တည်ရှိရာ၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အမြဲမပြတ်လာရောက်လေ့လာကြသည့်နေရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ညောင်ဦးမြို့ အနော်ရထာလမ်းမကြီးတစ်လျှောက်မှာ ဖြစ်ပွားသည်တဲ့။

ဖျက်ဆီးခံရသည့်ပစ္စည်းတွေကလည်း နည်းနည်းနောနော မဟုတ်။ ပစ္စည်းတန်ဖိုး မည်မျှမှန်းမသိရသော်လည်း ဖျက်ဆီးခံရသည့် အရေအတွက်မှာ နည်းနည်းနောနော မဟုတ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ပုံး ၄၁ လုံး၊ ဆလိုက်မီး သုံးလုံးနှင့် ယာဉ်ထိန်းဂိတ်တဲတစ်ခုဟုဆိုပါသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများက ဦးဆောင်ပါဝင်ကာ အမှိုက်ကင်းစင်ရေးလုပ်ရှားမှုများကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်နေကြသည်ကို သတင်းများတွင် ဖတ်ရှုနေရသည်။ အောင်လည်း အောင်မြင်မှုရရှိနေသည်ဟု သိရသည်။ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များရော၊ ဒေသခံပြည်သူများကိုပါ စနစ်တကျ အမှိုက် စွန့်ပစ်နိုင်ကြစေရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးထားသည့် အမှိုက်ပုံးများကို ယခုကဲ့သို့ ဖျက်ဆီးသွားခြင်းမှာ အလွန်ပင်စိတ်ဓာတ်အောက်တန်းကျလွန်းသည့်အပြုအမူဖြစ်ပေသည်။

ပုဂံသည် မြန်မာတို့၏အသည်းနှလုံးတည်ရာဒေသဖြစ်သည်။ မြန်မာတို့၏ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကိန်းဝပ်ရာ ယဉ်ကျေးမှုနယ်မြေလည်း ဖြစ်သည်။ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တို့၏ ဦးတည်သွားရောက်လေ့လာရာအရပ်လည်းဖြစ်သည်။ တစ်နည်းဆိုသော် ပုဂံသည် နိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေးဆိုင်ရာ ပြယုဂ်လည်း ဖြစ်သည်။ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ပုံရိပ်လည်းဖြစ်သည်။ သည်လိုနေရာမျိုးတွင် စိတ်ဓာတ်ရေးရာ အောက်တန်းနောက်တန်းကျလွန်းလှသည့် ဖျက်ဆီးမှုကို ဆောင်ရွက်ခဲ့သည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အရှက်ရဖွယ်၊ မျက်နှာပျက်ဖွယ်ဖြစ်ပေသည်။

သူခိုးသည် မိမိဝမ်းစာအတွက် သူတစ်ပါး၏ပစ္စည်းကို ခိုးယူသည်။ ဓားပြသည် မိမိအကျိုးအတွက် သူတစ်ပါး၏ပစ္စည်းဥစ္စာကို လုယူသည်။ သူခိုး၊ ဓားပြတို့၏လုပ်ရပ်သည် ကောင်းမွန်သည့် အပြုအမူမဟုတ်။ မပြုမူထိုက်သော ရာဇဝတ်မှု၊ ဒုစရိုက်မှုအလုပ်သာ ဖြစ်သည်။ သူခိုး၊ ဓားပြတို့၏ လုပ်ရပ်သည် သူတစ်ပါး၏အကျိုးစီးပွားကိုပျက်စီးစေသော်လည်း သူတို့အတွက်မူ ထိုက်သင့်သည့်အကျိုးစီးပွားကိုဖြစ်ထွန်းစေပါသည်။

ယခု အမှိုက်ပုံးဖျက်ဆီးသူ၊ အများပိုင်ပစ္စည်းကို အကြောင်းမဲ့ဖျက်ဆီးသူတို့သည် မိမိအတွက်လည်း အကျိုးစီးပွားမဖြစ်။ အများအကျိုး၊သူတစ်ပါးအကျိုးကိုလည်း ပျက်စီးစေခဲ့သည့် အလွန်တရာအောက်တန်းကျလွန်းသော၊ ယုတ်မာသောလုပ်ရပ်သာဖြစ်ပေသည်။ သူခိုး၊ ဓားပြထက်ပင် စိတ်ဓာတ်အဆင့်အတန်းနိမ့်ကျသူများပင် ဖြစ်ပေသည်။

ဤမျှများပြားလှသည့် ပစ္စည်းအရေအတွက်ကို ဖျက်ဆီးနေသည်ကို ပတ်ဝန်းကျင်က မသိကြပါလေသလော။ လမ်းသွားလမ်းလာပြည်သူများက မတွေ့ရှိကြပါလေသလော။ သိရှိမြင်တွေ့ပါလျက်နှင့် ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ လျစ်လျူရှုခဲ့ကြပေခြင်းလော။ ဤမျှ စည်းမဲ့ကမ်းမဲ့ အဖျက်လုပ်ရပ်လုပ်သူများကို လျစ်လျူရှုထား၍ မရပါချေ။ ရှာဖွေဖော်ထုတ်ကာ ပြင်းထန်စွာ အရေးယူသင့်ပါသည်။ ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီ ပူးပေါင်းဖော်ထုတ်ထိန်းသိမ်းသင့်ပါသည်။

မြန်မာဆိုရိုးစကားတစ်ခု ရှိပါသည်။ "မကူညီချင်ရင်နေပါ။ မနှောင့်ယှက်ပါနှင့်"တဲ့။ အများအကျိုး၊ သူတစ်ပါးအကျိုးကို အကြောင်းအမျိုးမျိုးကြောင့် မကူညီချင်လျှင်နေပါ။ ရပါသည်။အများအကျိုးအတွက် ဆောင်ရွက်နေကြရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို ခွင့်လွှတ်၍ ရပါသည်။ သို့သော် အနှောင့်အယှက်မပြုဖို့တော့ လိုအပ်ပါသည်။ ကိုယ်လည်း မလုပ်။ လုပ်သည့်သူကိုလည်း အပြစ်ပြော။ လုပ်နေသည်ကိုလည်း နှောင့်ယှက်သည်ဆိုပါက လူယုတ်မာဟုသာ ကင်ပွန်းတပ်ရပေတော့မည်။

ဤလုပ်ရပ်သည် တိုင်းပြည်နှင့်လူမျိုး၏ပုံရိပ်ကို ထိခိုက်ပါသည်။ ကမ္ဘာအနှံ့က လာရောက်လည်ပတ်ကြသည့် အမျိုးသားယဉ်ကျေးမှု ပွဲခင်းအလယ်တွင် မတော်တရော်လုပ်ပြလိုက်ခြင်းသာ ဖြစ်သည်။ အလွန်ပင် အရုပ်ဆိုး အကျည်းတန်လှသည့် အပြုအမူသာဖြစ်သည်။ လူတိုင်းကြားဖူးသည့် "ဖိုးစိန်မျောက်" ၏ လုပ်ရပ်မျိုးသာ ဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ဒေသခံပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနေသည်။ ဒေသခံများကို ထမင်းကျွေးနေသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတို့ကို ဝင်ငွေများစွာရှာဖွေပေးနေသည်။ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိနေသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေး၊ ပျက်စီးယိုယွင်းမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်သည်။

နိုင်ငံတော်အတွက် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ စည်းကမ်းရှိမှု၊ တရားဥပဒေအပေါ် လေးစားလိုက်နာမှုက အဓိကကျပါသည်။ ဒီမိုကရေစီနှင့်ထိုက်တန်သည့် ပြည်သူများဖြစ်လာစေရန် နိုင်ငံသားတစ်ဦးချင်းစီသည် စည်းကမ်းလိုက်နာမှု၊တရားဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်အားထုတ်မှုရှိဖို့ လိုအပ်ပါသည်။ တိုင်းပြည်နှင့်လူမျိုး တိုးတက်မြင့်မားစေရန် အားလုံးစည်းကမ်းရှိကြဖို့လိုအပ်ပါသည်။ စိတ်ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်းများ မွေးမြူကြဖို့လိုပါသည်။ မကောင်းသောအကျင့်ဆိုးများကို ပြုပြင်ဖို့လိုအပ်ပါသည်။ မကောင်းမှုလုပ်သူများကိုလည်း လျစ်လျူရှုမထားဘဲ ဝိုင်းဝန်းတည့်မတ်ထိန်းသိမ်းပေးဖို့ လိုအပ်ပါသည်။ ထိန်းသိမ်းတည့်မတ်၍မရပါက တရားဥပဒေနှင့်အညီ အရေးယူကြရမည်သာဖြစ်ပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် အရုပ်ဆိုးအကျည်းတန်အောင် ဆောင်ရွက်ခဲ့သူများသည် တိုင်းပြည်နှင့် လူမျိုး၏ပုံရိပ်ကို အိုးမည်းသုတ်ကြသူများသာ ဖြစ်သည်။ ယုတ်ညံ့သည့် စိတ်ဓာတ်ဆိုးတွေ ဖယ်ရှားသင့်ပေသည်။

စင်ကာပူရောက် မြန်မာလူမျိုးများ၏ စည်းကမ်းလိုက်နာမှု၊ စည်းကမ်းရှိမှုကို ချီးကျူးသင့်သည်။ အတုယူလေးစားသင့်ပေသည်။ မြန်မာအသင်းနှင့်ကန်သည့် ဘောလုံးပွဲများတွင် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်အပြည့်ဖြင့် တစ်ခဲနက်လာရောက်အားပေးကြသည်။ ဘောလုံးပွဲပြီးသည်နှင့် ကိုယ်ပစ်ထားသည့်အမှိုက်ကို စည်းကမ်းရှိရှိပြန်သိမ်းကြသည်။ ပြန်ကောက်ကြသည်။ သူတစ်ပါးပစ်ထားသောအမှိုက်တွေကို တာဝန်သိသိ ကောက်သိမ်းပေးကြသည်။ မည်မျှ ချီးကျူးဂုဏ်ယူဖွယ်ကောင်းလိုက်ပါလေသနည်း။ ဥပဒေ၊ စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်တတ်သည့်လူမျိုးအဖြစ် ကမ္ဘာကသိစေခဲ့သည်။

ယနေ့နိုင်ငံနှင့်အဝှမ်း အမှိုက်ကောက်လှုပ်ရှားမှုများ ဆောင်ရွက်နေကြသည်။ ကောင်းပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လူတိုင်းပါဝင်၍ အမှိုက်မကောက်နိုင်ကြပါ။ ရပါသည်။ သို့သော် စည်းကမ်းမဲ့အမှိုက်မပစ်ကြခြင်းကိုမူ လူတိုင်းလိုက်နာဆောင်ရွက်နိုင်ကြပါသည်။ အမှိုက်မကောက်ချင်လျှင် ရပါသည်။ စည်းကမ်းမဲ့ အမှိုက်ပစ်သူမဖြစ်ကြ ဖို့ လိုအပ်ပါသည်။ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူ မဖြစ်ကြဖို့လိုအပ်ပါသည်။ ကုန်ကုန်ပြောရလျှင် ကိုယ်တိုင်သည် ပတ်ဝန်းကျင်အတွက်၊ လောကအတွက် အကျိုးမပြုသူ "အမှိုက်"မဖြစ်ဖို့ လိုပါသည်။ အမှိုက်ဆိုသည်မှာ နေရာလွဲမှားနေသည့်ပစ္စည်းများဟု ဆိုစကားရှိပါသည်။ မိမိတို့ကိုယ်တိုင် လောကအကျိုး၊ လူသားအကျိုး၊ ပတ်ဝန်းကျင်အကျိုးကို ဆောင်ရွက်တတ်သည့်လူသားတစ်ဦးဖြစ်ဖို့ လိုအပ်ပါသည်။

စည်းကမ်းမဲ့ခြင်းကို ရှက်တတ်လာပြီဆိုလျှင် စည်းကမ်းရှိရှိ အမှိုက်ပစ်တတ်လာကြမည်ဆိုလျှင် ကျွန်တော်တို့ တိုင်းပြည်နှင့် လူမျိုးအတွက် မတိုးတက်စရာမရှိပါ။ အမှန်ပင် တိုးတက်ဖွံ့ဖြိုးလာမည်မှာ သေချာလှပါသည်။

# ကန့်ဘလူမြို့နယ်တွင် တံတားလေးစင်း ပြီးစီးပြီဖြစ်၍ ပြည်သူများစိတ်အေးချမ်းသာစွာ သွားလာနိုင်ပြီဖြစ်



**ကန့်ဘလူ မတ် ၁၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းပေါ်ရှိ အင်တောပေါက်ချောင်းတံတားနှင့် သိန်ရင်ချောင်းတံတားတို့ကိုလည်းကောင်း၊ ယင်းတိုက်-မူးဘောင်ဆက်လမ်းပေါ်ရှိ သစ်သားတံတားကိုလည်းကောင်း၊ အောင်ချမ်းသာ-အိုင်ပေါင်းချောင်ကျေးရွာချင်းဆက်တံတားတို့ကိုလည်းကောင်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ ပြည်သူများစိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါကျေးရွာချင်းဆက်တံတားများကို ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းပေါ်ရှိ တံတားနှစ်စင်းမှာ ကန့်ဘလူ၊ နတ်ပေး၊ ဝက်တိုး(မ)၊ ထန်းကုန်း၊ အုတ်ဖို၊ ရေကြည်၊ သဘွတ်ကုန်း၊ ညောင်သွယ်၊ တင်ကုတ်ကြီး၊ ချင်မြစ်ကျင်း၊ ကျီကုန်း၊ ညောင်ပင်ဆိပ်၊ ငွေးကုန်းနှင့် ကာဘိုးကျေးရွာများကိုဖြတ်သန်း၍ကျေးရွာချင်းဆက်လမ်းပေါ်တွင်တည်ဆောက်ထားရှိသည်။ ထို့ပြင် တန့်ဆည်၊ ရေဦး၊ ရွှေဘို၊ မုံရွာမြို့များသို့ အချိန်တိုအတွင်း သွားလာနိုင်သောလမ်းဖြစ်ကြောင်းနှင့် ယင်းတိုက်ကျေးရွာသည် မူးဘောင်မှတစ်ဆင့် မြို့ရွာများသို့လည်းကောင်း၊ အောင်ချမ်းသာကျေးရွာနှင့် အိုင်ပေါင်းချောင်ကျေးရွာတို့ကို ဆက်သွယ်ပေးသော ကျေးရွာချင်းဆက်တံတားများဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးကျော်ကျော်ကပြောသည်။

ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းပေါ်ရှိ အင်တောပေါက်ချောင်းတံတားသည် အရှည် ပေ ၈၀၊အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ၊ အုတ်ရိုးစီ၊ ဘိုးပိုင်သံကူကွန်ကရစ်၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းအမျိုးအစား၊ ခွင့်ပြုအလေးချိန် တန် ၂၀၊ ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၂၅ သန်း၊ သိန်ရင်ချောင်းတံတားသည် အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ၊ အုတ်ရိုးစီ၊ ဘိုးပိုင်သံကူကွန်ကရစ်၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းတံတားအမျိုးအစား၊ ခွင့်ပြုအလေးချိန်တန် ၂၀၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၂၂ သန်း၊ ခွင့်ပြုအလေးချိန် တန် ၂၀၊ ယင်းတိုက်-မူးဘောင်ဆက်လမ်းပေါ်ရှိတံတားသည် အရှည်ပေ ၄၀၊အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ၊ ကျောက်ရိုးစီ၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်း၊ ခွင့်ပြုငွေကျပ် ၂၉ ဒသမ ၄၅ သန်း၊ အောင်ချမ်းသာ-အိုင်ပေါင်းချောင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိတံတားသည် အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ၊ ကျောက်ရိုးစီ၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်း၊ ခွင့်ပြုငွေကျပ် ၂၉ ဒသမ ၄၅ သန်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလကစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ လတွင် အားလုံးပြီးစီးခဲ့ကြောင်း ကျေးလက်ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးမင်းဆွေအောင်ကပြောသည်။ သို့ဖြစ်ရာ ကျေးရွာပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ သွားလာလွယ်ကူစေရေးနှင့် ဒေသတွင်းထွက်ကုန်များပို့ဆောင်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရမည်းသင်းမြို့နယ်အတွင်း လယ် ၄၁၅၃ ဧက ရေပေးဝေနိုင်မည့် မြင်းခြံရေလွှဲဆည်



**ရမည်းသင်း မတ် ၁၂**

လယ် ၄၁၅၃ ဧကအား စိုက်ပျိုးရေအတွက် အောင်မြင်ဖြစ်ထွန်းစေရန် ရေပေးဝေနိုင်မည့် မြင်းခြံရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးပြီဟု သိရသည်။

အဆိုပါ မြင်းခြံရေလွှဲဆည်သည် ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်အုပ်စု ကွင်းအမှတ် (၁၀၉၆/၁၀၉၇) ကွင်းစပ်ချောင်းခွကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ရွှေဒါးချောင်းပေါ်တွင် တည်ရှိပြီး ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် တင်ပြတောင်းခံခြင်းအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မြင်းခြံရေလွှဲဆည်ကိုတည်ဆောက်ပေးခြင်းကြောင့် ဝါးတီးကန် ရေသောက်လယ်ယာမြေများအား ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် လယ်ယာမြောင်းအတိုင်းသွယ်ယူကာ တောင်လုံးကန်အတွင်းသို့ စီးဝင်စေပြီး လက်ဝဲမြောင်းတစ်လျှောက် စိုက်ခင်းများကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြင်းခြံရေလွှဲဆည်ကို ရေလွှဲဆည်အလျား ၉၂ပေ၊ ရေလွှဲဆည် အကျယ်ပေ ၁၀၀၊ ရေလွှဲဆည်အမြင့် ခြောက်ပေ တည်ဆောက်ကာ လက်ဝဲမြောင်းမကြီးကို အရှည်ပေ ၇၅၀၀တူးဖော်ပြီး ရေခွဲအဆောက်အအုံ ကားလမ်းဖြတ်နေရာများတွင် တံတားနှစ်စင်းနှင့် ငါးပေရေကျအဆောက်အအုံတစ်လုံးကို တည်ဆောက်ပြီးဖြစ်သည့်အပြင် လက်ယာမြောင်းကိုလည်း အရှည်ပေ ၅၇၀၀ တူးဖော်ကာ မြောင်းထိပ်အဆောက်အအုံတစ်ခု လှည်းကူးတံတား နှစ်စင်း တည်ဆောက်ပြီးဖြစ်သည်။

ယခုကဲ့သို့ ရမည်းသင်းမြို့နယ်အတွင်းတွင် မြင်းခြံရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် ဝါးတီးကန်ရေသောက်လယ်ယာမြေများအား ရေပေးဝေနိုင်မည့်အပြင် မြင်းခြံရေလွှဲဆည်မှတစ်ဆင့် လွှဲယူသောရေဖြင့် မြောင်းတစ်လျှောက်ရှိ လယ်ဧကများ၊ ဝါးတီးကန်၊ တောင်လုံးကန်ရှိ စိုက်ပျိုးလယ်ဧကများ စုစုပေါင်း ၄၁၅၃ ဧကအား စိုက်ပျိုးရေးအတွက် အောင်မြင်ဖြစ်ထွန်းရန်အကျိုးရှိမည်ဖြစ်သည်။ ရေလွှဲဆည်တည်ရှိရာ ဒေသတစ်ဝိုက်ရှိ တောင်သူများ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်သုံးရေအတွက် အကျိုးပြုနိုင်မည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ကိုလည်း များစွာ အထောက်အကူပြုကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်

**ပဲခူး မတ် ၁၂။** ။ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိသုံးစွဲနိုင်ရေးအတွက် ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး (အရှေ့) ဖောင်တော်သီမြို့ ရွာသစ်ပိုင်းရပ်ကွက်၌ 1 KV ဓာတ်အားလိုင်းကြိုးများတပ်ဆင်ခြင်း၊ 11/0.4 KV, 200 KVA ဓာတ်အားခွဲရုံနှင့် 400 V ဓာတ်အားလိုင်းများ တပ်ဆင်ခြင်းနှင့် ခနာစုရပ်ကွက်၊ ဖောင်တော်သီရွာမလမ်း၊ အောင်မင်္ဂလာရပ်ကွက်များ၌ ဆွေးမြည့်သစ်သားတိုင်များအား ကွန်ကရစ်ကျောက်တိုင်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဖောင်တော်သီမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**